The Beautifier News Journal

အလှဆင်သူ

ဂျာနယ်

အတွဲ-၁၂ အမှတ်(၇) ၁၃၇၃၊ တန်ခူးလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (၂၀၂၂၊ မေ ၆ ရက်)

၂ ဖက် ၁ ကြိမ် ပုံနှိပ်ထုတ်ဝေသည်။

MYANMAR ETC
Cashless Society for Expressway
M. ezGo
SPEED AND SECURE ON HIGHWAY
09.96.994.71.71



ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-အုန်းတောကမ်းလမ်းပေါ် ရှိ ဘုတ်ပြင်း-အုန်းတောကမ်းတံတား ဖွင့်ပွဲကျင်းပ

စာ ၃

ပိုမိုသွေးစည်းညီညွတ်လာသည့် ဒီလာရုစ်-ရုရှား ဆက်ဆံရေး

ဆက်ဖြတ်ရန် စာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီးခွဲ မြို့ပြနှင့်အိမ်ရာမဲ့ပြဿနာ တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် အဇာန/အရောင်းပြည်သူ့အိမ်ရာများ

ဆက်ဖြတ်ရန် စာ ၁၁

EVER PLUS
Traffic Safety Equipment
Road Signs
Ph: 09.514.3254,
09.430.222.25


Road Sign at Yangon-Bago Road.



EDITORIAL REMARK

သတိ တမံ၊ ဥာဏ် ဗြေကတုတ်

ကမ္ဘာလောကကြီး၌ ရှိ ရှိ သမျှသော သတ္တဝါတို့အနက် လူသတ္တဝါသည် ကျိုးကြောင်း ဆင်ခြင် တွေးခေါ်နိုင်စွမ်းမြင့်မားလွန်း၍ လောက ကိုဦးဆောင်သူနေရာတွင်ရှိ၏။ သို့ဖြင့် လူသာပမာန ဟူသောစကားဖြစ်ပေါ် ရ၏။ ထိုစကားသည် ယေဘုယျသဘောမှန် ဖြစ်သော်လည်း ယထာဘူတကျကျ စိစစ်လျှင် လူတိုင်းလူတိုင်းတွင် ဆိုခဲ့သော အရည်အချင်းညီ စံနှုန်းမရှိသည်ကို တွေ့ရသည်။

သို့သော် လက်ရှိအနေအထားအထိ တိုးတက် စည်ဝေလာသော ကျွန်ုပ်တို့၏ရုပ်ပတ်ဝန်းကျင်ကြီး အတွင်း အဟူပေါက်ဖွားကြီးပြင်းလာသော လူ အပေါင်းတို့သည် အသွင်သဏ္ဌာန်တူ လူဖြစ်လာကြ ရကား လူသာပမာနဟူသော စကားအရ လူဂုဏ် မောက်နေကြသူကများလှပါသည်။ တကယ်တမ်း တွင်မူ ရုပ်ပတ်ဝန်းကျင်ကြီး ဤမျှတိုးတက်လာခဲ့ရ သည်ကလည်း လူ့သက်တမ်းပေါင်းများစွာ ကာလအတွင်း တစ်ချက် တစ်ချက်တွင် တစ်ကုဋေတွင် တစ်ယောက်၊ တစ်သန်းတွင် တစ်ယောက်ဆိုသလို စံနှုန်းမြင့် အရည်အချင်း ပြည့်မီသူတို့ပေါ် လာခဲ့ပြီး ၄င်း၏အတွေးအခေါ် အမြော်အမြင်ကို တစ်သိန်းတွင် တစ်ယောက် အရည်အချင်းပြည့်မီသူတို့က ထောက်ခံ လာပြီး တစ်သောင်းတွင် တစ်ယောက်၊ တစ်ထောင်တွင် တစ်ယောက်သာ ပေါ်လာတတ်သူတို့က လိုက်နာ အကောင်အထည်ဖော်ခဲ့ကြ၍ သာဖြစ်ပြီး ယင်းသို့ အကောင်အထည်ပေါ် လာသော အသီးအပွင့်တို့ကို ကျန်လူအများက အသင့်စံစားနေကြခြင်းသာဖြစ်သည်။

ထိုသို့ အသင့်စံစားနေကြသူတို့အနက်မှ တစ် ရာတွင် တစ်ယောက်သောသူတို့က ရှေးလူတို့၏ စွမ်းဆောင်မှုကို ကျေးဇူးတင်ရကောင်းမှန်း သိကြပြီး ကျန် ၉၉ ယောက်သောသူတို့ကတော့ "လူပဲလေ ဒီလောက်တော့ စံစားခွင့်ရှိတာယ်၊ ဒီ့ထက်တိုးတက်ရင် ဒီထက်ပိုစံစားလိုက်ဦးမှာ" ဆိုသူများသာဖြစ်သည်။ ဤသည်ကိုပင် လူဂုဏ်မောက်သည်ဟု ဆိုရခြင်းဖြစ် ပါ၏။ ထိုသူတို့သည် ငါနှင့် ငါသာနှိုင်းစရာဟု အ ထင်ရောက်နေတတ်ပြီး ကိုယ်ချင်းစာတရား ပါးလျား တတ်ကြ၏။ ထင်ရှားသော သာဓကပြရမည်ဆိုလျှင် အသားအရေလှသည်၊ ဗီတာမင်ကြွယ်ဝသည်ဟူသော အစွဲကြောင့် အင်းဆက်ခေါ် ပိုးကောင်၊ မွှားကောင် ကလေးများကို စားသောက်ခြင်း၊ လတ်လတ်ဆတ် ဆတ်စားသောက်ပါမှ အာဟာရဓာတ်အပြည့်အဝရ သည်ကို အစွဲပြု၍ ရေဘဝဲ၊ ငါးစသည်တို့ကို အရှင် လတ်လတ်လှီးဖြတ် စားသောက်ခြင်း၊ မျောက်အရှင် လတ်လတ် ဦးခေါင်းခွံခွာပြီး ဦးနှောက်ကိုဇွန်းဖြင့် ခပ်စားခြင်းတို့က ကိုယ်ချင်းစာတရား ခေါင်းပါးလွန်း သည့် သာဓကများ မဟုတ်ကြပါကုန်လော။

လူအပါအဝင် သတ္တလောက၏ ဂေဟစနစ်လည် ပတ်ပုံမှာ တစ်ကောင်၏အသားကို တစ်ကောင်စား သော သဘာဝကြီးဖြစ်နေသကဲ့သို့ အချို့သော သတ္တဝါတို့က အသီးအရွက်၊ သစ်ဥ၊ သစ်ဖု၊ အချို့ သောသတ္တဝါတို့က မြေဆီ၊ အချို့က ရေညှိ၊ အချို့က မစင်အပုပ်အစပ်တို့ကိုသာ စားကြသည်လည်းရှိ၏။ ထို့ကြောင့် သတ္တဝါတို့၏ သွားပုံသဏ္ဌာန်၊ နှုတ်သီး ပုံသဏ္ဌာန် မတူကြခြင်းဖြစ်၏။ လူ၏ သွားပုံသဏ္ဌာန် မှာ အများစုသည် အသီးအရွက်စား သတ္တဝါတို့၏ သွားပုံသဏ္ဌာန်ဖြစ်ပြီး အသားစား သတ္တဝါတို့၏ သွားပုံသဏ္ဌာန် အစွယ်လေးချောင်းလည်းပါရှိ၏။ ယဉ်ကျေးမှုမထွန်းကားသေးမီ လူသမိုင်းအစ၌ လူ တို့သည်လည်း တိရစ္ဆာန်များကဲ့သို့ အစိမ်းအတိုင်း လတ်လတ်ဆတ်ဆတ် စားသုံးခဲ့ဟန်ရှိပြီး တစ်စတစ်စ ယဉ်ကျေးမှုတိုးတက်လာခဲ့သည်နှင့်အမျှ သွေးသံရဲရဲ ကိုယ်တိုင်အမဲဖျက် စားသုံးခြင်းမပြုကြတော့ဘဲ အသေ ပုံသကူအသား ငါးတို့ကို ချက်ပြုတ် ကြော် လှော်စားသုံးခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်၏။ သို့ဖြစ် သည်နှင့်အညီ သဘာဝအလျောက်ပင် ပါလာသော အစွယ်လည်း တဖြည်းဖြည်းတုံးလာကာ အတက်က လေးအရွယ်အစားဖြစ်လာကြ၍ သွားတက်၊ ထိုသွား ကလေးသည် အခြားသောသွားထက် ပိုထက်နေ၍ သွားထက်ဟုသာခေါ်ကြတော့၏။

ဤသို့စားသောက်မှု ဟန်ပန်ရော၊ သဘာဝပုံ သဏ္ဌာန်ပါ ပြောင်းလဲလာခြင်းသည် ကိုယ်ချင်းစာ တရား ထွန်းကားလာသည်နှင့်အမျှ အတွင်း အရွဲတွ သန္ဓာန် ယဉ်ကျေးသိမ်မွေ့လာခြင်းကြောင့်ဖြစ် သည်။ ဤသို့ဖြင့် လူသည် အသားစားရမည့် သတ္တဝါ အမျိုးအစားမဟုတ်၊ မြတ်သော စားသောက်မှုဟန်ပန် သည် သူတစ်ပါး အသက်ဇီဝနှင့် နှီးနွယ်ပတ်သက်မှု မရှိစေရဟူ၍ ကောက်ပဲသီးနှံနှင့်ဟင်းသီးဟင်း ရွက်များသာ စားသောက်သော အသက်သတ်လွတ် ဝါဒ ကမ္ဘာတွင် ယနေ့တိုင် ပေါ်ပေါက်လျက်ရှိ၏။ သို့သော် သားစားကျူးသောသူတို့သည် သူတို့စား ချင်သော သတ္တဝါတို့အပေါ် သနားညှာတာလိုစိတ်မရှိ သက်ရှိတစ်ကောင်အဖြစ် မသတ်မှတ်၊ ကမ္ဘာဟင်းလျာ ဟု ကင်မွန်းတပ်လိုက်ကြသလို၊ မြန်မာတို့ကလည်း အမဲဟင်းလျာဟု ခေါ်ကြ၏။ ဤနည်းဖြင့် မူလ ချေ၊ ဆတ်၊ နွား၊ ဆိတ် စသည့် သက်ရှိ သတ္တဝါ ပညတ်တို့ကို ဖျောက်ဖျက်ထားလိုက်ကြ၏။

ဤကား ကျွန်ုပ်တို့မြင်တွေ့နေရသော သတ္တ လောက၏ ဂေဟစနစ်အရ မိမိအသက်ခန္ဓာတည်မြဲ ရပ်တည်နိုင်ရေးအတွက် အာဟာရမှီဝဲပုံအကျဉ်းမျှ သာတည်း။ စင်စစ်တွင် သတ္တလောကဟုဆိုရာ၌ ကျွန်ုပ်တို့ မမြင်မတွေ့နိုင်သော နတ်သတ္တဝါ၊ ငြဟ္မာ သတ္တဝါတို့ရှိသေး၏။ ထိုသတ္တဝါတို့ကို သုဂတိဘုံသား ဟုခေါ်ပြီး နတ်တို့က သူတစ်ပါးအသက်နှင့် မစပ် ယှက်သော နတ်ဩဇာတို့ကို မှီဝဲသုံးဆောင်သည်။ ငြဟ္မာတို့၏အာဟာရမှာ ၄င်းတို့၏ပီတိသာဖြစ်သည် ဟု ကျမ်းဂန်တို့၌ပြဆို၏။ ထိုအစာအာဟာရတို့ကို လည်း ကိုယ်တိုင် ရှာဖွေ ချက်ပြုတ်အားထုတ်ရန် မလိုဘဲ ၄င်းတို့၏အလိုဆန္ဒအလျောက်သာ ပြည့်စုံ ကြသည်ဟုဆိုသည်။ နတ်သက်တမ်း၊ ငြဟ္မာသက် တမ်းတစ်လျှောက် သက်တမ်းကုန်သေဆုံးခြင်း ဒုက္ခ မှအပ သုခချမ်းသာ စံစားကြရလေ့ရှိသောကြောင့် သုဂတိဘုံ၊ သုဂတိဘုံသားဟု ဝိဂြိုဟ်ပြုရခြင်းဖြစ် သည်။ ဤသည်ကိုကြည့်လျှင် ကျွန်ုပ်တို့သည် အနှ တောက လူချောအဆင့်မျှသာရှိ၍ မိမိတို့၏ဖြစ်တည် မှုဘဝသည် ဂုဏ်မောက်ရန်အကြောင်း မရှိတော့ဘဲ သိမ်ငယ်ဖွယ်ရာသာရှိတော့၏။

သို့သော် ကျွန်ုပ်တို့သည် လူသားများဖြစ်ကြ၍ မျက်စိတစ်မြင်ကြည့်ပြီး သုံးသပ်ဆုံးဖြတ်လျှင်ဖြင့် သိမ်ငယ်ဖွယ်အတိ ဖြစ်နေသော်လည်း ဉာဏ်မျက်စိ တစ်ဆုံး သံသရာနှင့်ချီ၍ ကြည့်မြင်သုံးသပ်ပါက သုဂတိဘုံ၊ ဒုက္ခတိဘုံ ပုံချီဆန်ချီ ဖြစ်တည်ပြောင်းလဲ ခဲ့ကြဖူးသည့် အကြိမ်အရေအတွက် အသချေ်ယျ အနန္တမက ရှိခဲ့ဖူးပါပြီ။ ထိုဉာဏ်မျက်စိစွမ်းအား လက်ဝယ်ပိုင်ပိုင် ရနိုင်သူတို့သည်လည်း ဤလူ့ဘုံ ၌ပင် ဂဂိါဝါဠုသဲစုမက သံသရာတွင်းပေါ် ပေါက်ခဲ့ ပြီးပါပြီ။ ထိုဉာဏ်မျက်စိ ပိုင်ရှင်ဖြစ်ခွင့်သည် ဤလူ့ ဘုံတစ်ဘုံသာဖြစ်သောကြောင့် လူသားတို့အတွင်း လူသာပမာနဟူ၍လည်းကောင်း၊ ကြီးစားက ဘုရား ဖြစ်နိုင်သည်ဟူ၍လည်းကောင်း စကားပေါ် ရခြင်း ဖြစ်သည်။

ထိုစကားသည် ဘာမသိ၊ ညာမသိဘဲ လူဂုဏ် မောက်နေသူတို့နှင့် လားလားမျှမထိုက်တန်သော အရာသာဖြစ်ကြောင်း သတိပြုမိဖို့လိုပါသည်။ ဘုရား အလောင်းတော်ဟု ရှေးရှေးဘုရားရှင်တို့ထံမှ ဗျာ ဒိတ်ရပြီးသူတို့သည် လေးအသချေ်နှင့်ကမ္ဘာတစ်သိန်း အရေအတွက်ရှိသော ကာလတစ်လျှောက် အလောင်း တော်တို့၏ ဆည်းပူးဖြည့်ကျင့်အပ်သော ပါရမီတော် တို့ကို ခက်ခဲကြမ်းတမ်းစွာ ဖြည့်ကျင့်ကြိုးစားရသည့် ဓမ္မတာရှိသောကြောင့်ဖြစ်ပါ၏။ ပါရမီဖြည့်ခန်းကုန် ဆုံး၍ ဘုရားဖြစ်တော့မည့်အခန်း ရောက်လာသော အခါ လူ့ဘုံတွင်လူသားဘဝဖြစ်ရပြန်ပြီး ရဟန်းအ လုပ်အားထုတ်ရပြန်သည်။ ရဟန်းအလုပ်၌ ပြုဖွယ် ကိစ္စကုန်စင်ပြီးမြောက်ပြီးမှသာ လောကကိုအောင် နိုင်သော ဇိနသခင် ဘုရားရှင်ပွင့်တော်မူရပါသည်။

လောကီ၊ လောကုတ် ခန့်ဌာနသောအလုပ်တို့ အကုန်အစင်ပြီးဆုံးခြင်းသို့ရောက်၍ ဒုက္ခခပ်သိမ်း အပြီးတိုင်ချုပ်ငြိမ်းအေးချမ်းရာ နိဗ္ဗာန်သို့ လေးမင် လေးဖိုလဲဖြင့် မျက်မှောက်ပြုပြီးသော ဘုရားရှင်ဖြစ် နေသော်လည်း သတ္တဓန္ဓာစဉ်တန်းလန်း ဖြစ်နေသေး၍ မရဏ ဒုက္ခကမလွတ်၊ လူ့ဘုံသားဘုရားဖြစ်၍ အိုခြင်း ဇရာ၊ နာခြင်း ဗျာဓိ ဓမ္မတာတို့လည်း မလွတ်ဘဲ အန္တိမဝင်္ဂအဖြစ် သည်းခံဖြတ်ကျော်ရသေး၏။

ထိုထို ဘုရားရှင်တို့သည် သံသရာဝဲသြဃအတွင်း မှီတင်းလဲလျောင်းရာ သုဂတိဘုံသား၊ ဒုက္ခတိဘုံသား တို့၏ သဘာဝဓမ္မစက်ဝန်းကို အကုန်အစင် သိမြင် တော်မူ၏။ ဇာတိမှသည် မရဏအထိ ဒုက္ခအကျိုး မလွတ်ကြပုံ၊ ထိုဒုက္ခဖြစ်ကြောင်းသည် သမုဒယဟူ သော တဏှာက လက်သည်အမှန်ဖြစ်ပုံ စသည်ဖြင့် ပဋိစ္စသမုပ္ပ စက်လည်နေပုံတို့နှင့်တကွ ထိုစက်ရပ်တ် ရပ်တဲ့၍ မင်္ဂလမ်းခေါ် သံသရာမှလွတ်လမ်း ညွှန်ပြ ဆုံးမလေ့ရှိ၏။

ချေးတွင်းထဲက လောက်၊ ချေးတွင်းထဲပဲမြင်ပြီး ပြင်ပပတ်ဝန်းကျင်လောကကို မမြင်နိုင်ရကား ပုံစံ ကျနေသော အမြင်အရ ချေးတွင်းထဲတွင်သာ ပျော် နေဆိုသကဲ့သို့ ကျွန်ုပ်တို့လည်း ပုံစံကျနေသောအမြင် ဖြင့် ကျေနပ်ပျော်ရွှင်နေသင့် မနေသင့်နှင့် လူဂုဏ် မောက်သင့် မမောက်သင့် ထောက်ချင့်ဝေဖန်ဖို့လို သည်။

မဟာဗောဓိမြိုင်ဆရာတော်ကြီးကတော့ စိတ္တာ နုပဿနာ အလုပ်ပေးတရားဖြင့် ကိလေသာရယ်လို့ သီးခြားမရှိပါဘူး၊ အတွေးဟာ ကိလေသာပဲဟူ၍ လည်းကောင်း၊ တရားရယ်လို့ သီးခြားမရှိပါဘူး၊ သတိဟာ တရားပဲဟူ၍လည်းကောင်း ဆုံးမဖူးသည် ကိုတွေ့ရ၏။ စိတ္တာနုပဿနာ အလုပ်အားထုတ်သည် ဆိုရာ၌ အဆင်း၊ အသံ စသည့်အာရုံ ၅ပါး/၆ပါး တစ်ပါးပါးပေါ် လေတိုင်း စိတ်တစ်ခုဖြစ်ပေါ် လေ့ရှိ ၏။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ် စသည်ဟူလို့။ စိတ် ဟူသည် သိမှုသဘော သက်သက်မျှသာဖြစ်သော ကြောင့် ထိုသိစိတ်ကလေး ဖြစ်တယ်၊ မမြဘူး ပျက် တယ်၊ သို့ဖြစ်၍ ဖြစ်/ပျက် နှင့် မမြဲသော လက္ခဏာ ကိုသာ စောင့်ကြည့်မှတ်သားစေလိုသည်။ ထို့ကြောင့် စိတ်ကို စိတ်အတိုင်းထားဟူ၍လည်းကောင်း မခံစား နှင့် မစံစားနှင့်ဟူ၍လည်းကောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်များ သတိပေးလေ့ရှိ၏။

ထိုမြင်စိတ် ကြားစိတ် စသည်ကို ခံစားတွေး တောမိပါက တစ်သံသရာလုံး လောဘ၊ ဒေါသ၊ မောဟ အမြစ်တွယ် အသားကျနေခဲ့သော ကျွန်ုပ်တို့ အဖို့ ဆိုင်ရာကိလေသာတို့ပင် အာရုံတွင်ထင်ရှား ပေါ်နိုင်မည်မှာ သေချာသောကြောင့် ဘာကိလေသာ၊ ညာကိလေသာရယ်လို့ ပညတ်ပေါ် ပညတ် ထပ်တင် မနေနဲ့၊ ခံစားမိရာ ကိလေသာပဲဟု ဆရာတော်ကြီးက ဆုံးမခြင်းဖြစ်သကဲ့သို့ တရားဆိုတာလည်း ပရမတ် သဘောသာဖြစ်ခြင်းကြောင့် ဇာခဲ့ဝေဖန်မနေကြနဲ့ တော့ ယောဂီတို့ဆောင်ရမှာက စောစောက သိစိတ် ကလေး ဖြစ်ပြီး ပျက်သွားပုံကိုသာ ခံစားမှုမဖက်စေ ရအောင် သတိဆောင်ထားနိုင်လျှင်ဖြင့် တရား ပေါ် နေပြီဖြစ်ပြီး တရားကို တရားက ဆက်ခေါ် သွားမည်ဖြစ်၍ သတိဟာတရားပဲဟု အလုပ် သဘော သက်သက်ဆုံးမထားသည်ဟု ယူဆမိပါသည်။

ယခုအခါကဲ့သို့ ဘေးအမျိုး၊ ရန်အသွယ်၊ အန္တရာယ်ကြား လူဖြစ်လာကြသော ကျွန်ုပ်တို့သည် သံသရာအဆက်ဆက်က မြင်နေကျအတွေးအခေါ် ပုံစံဟောင်းမှ ရုန်းထွက်နိုင်အောင် သတိဆိုသော တရား လက်ကိုင်ထားပါမှ စားရာ၊ နေရာ၊ ထိုင်ရာ၊ သွားရာ အစစသတိချပ်ပါမှ ငြိမ်းအေးမှုလမ်းစ ရှာ တွေ့နိုင်ကြပါလိမ့်မည်။ ဉာဏ်ရှုထောက်မြော် ဆင်ခြင်တော်မူကြပါကုန်စို့။

အကြံပေးနာယက
မောင်ဆောက်လုပ်ရေး
အယ်ဒီတာချုပ်
ဦးဝဏ္ဏဇော်
(ခေတ္တတာဝန်ခံ၊ ညွှန်ကြားရေးမှူးချုပ်)
အတိုင်ပင်ခံအယ်ဒီတာ
ခရမ်းစိုးမြင့်
အုပ်ချုပ်မှုအယ်ဒီတာ
အောင်တင်(လက်ထောက်ညွှန်ကြားရေးမှူး)
အယ်ဒီတာ
အောင်ထက်
လူအောင်
စာပြင်
ဝင်းကြည်၊
တိုးအောင်
သတင်းထောက်
ကိုပြိုး၊
ကျော်မိုးလွင်(ဓာတ်ပုံ)
ဒီဇိုင်းတာဝန်ခံ
ကိုဦး (K-Design Group)
ထုတ်ဝေသူ
ဦးဇော်မင်းသိန်း(ဒုတိယအတွင်းဝန်)-ငြိမ်း
(မြ - ၀၁၀၅၂)
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
ပုံနှိပ်
ဦးအေးသိန်း
မြတ်ဝတ်ရည်လမ်း၊ ၂၉ ရပ်ကွက်၊
သုဝဏ္ဏ၊ သယ်နံးကျွန်း
ဘိုးသိကြားအော့ဖ်ဆက် (၀၁၀၈၀)
ဖြန့်ချိရေး
အမှတ် (၉၀)၊ ၃၂ လမ်း
(အောက်ဘလောက်) ပန်းဘဲတန်းမြို့နယ်
ဆက်သွယ်ရန်
အမှတ် (၉၀)၊ ၃၂ လမ်း (အောက်ဘလောက်)
ပန်းဘဲတန်းမြို့နယ် ဖုန်း - ၃၇၅၉၇၃
ahlasinthujournal@gmail.com

bwjyi;rKe, bwjyi;-te;awmur;vr;ay:&

bwjyi;-te;awmur;wwm; ziyusi;y





ဂဂနှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၁၃)မှ တာဝန်ယူတည်ဆောက်ပြီးစီးသည့် တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-အုန်းတောကမ်းလမ်းပေါ်ရှိ အရှည်ပေ ၁၂၀၀ ဘုတ်ပြင်း-အုန်းတောကမ်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား ရှိ မင်္ဂလာမဏ္ဍပ်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များ နှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စောသန်းလှိုင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထား သည့်ည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင် စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက နိုင်ငံ တော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရှိသော တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီး ပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး အခြေခံ အဆောက်အအုံဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ ဆက် သွယ်ရေး၊ လမ်း/တံတား၊ အိမ်ရာများကောင်းမွန် စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်း ပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံချောမွေ့မှု သာ တိုင်းရင်းသားပြည်သူများ ကူးလူးဆက်သွယ် သွားလာနိုင်ပြီး ချစ်ကြည်ရင်နှီးမှုရရှိစေမည်ဖြစ် ကြောင်း၊ ထို့အပြင် စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်လည်း ပြည်သူ့ဘဏ္ဍာငွေ များ လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲ ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဒေသအတွင်း အကျိုးဖြစ်ထွန်းမှုရရှိစေရေးတို့အတွက် ပြည်ထောင်



စုရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ တို့ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး အတွက် ဦးစားပေးဆောင်ရွက်နိုင်ရန် ပထဝီနှင့် သဘာဝအတားအဆီးနေရာများတွင် တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းများ ရာသီမရွေးသွား လာနိုင်ရန် ဖောက်လုပ်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြို့ပြဒေသများသာမက ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများပါမကျန် အချိုးညီညီဖွံ့ဖြိုးတိုးတက် စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် ဘုတ်ပြင်း-အုန်းတော ကမ်းတံတားတည်ဆောက်ပြီးစီးပြီဖြစ်၍ ဒေသခံ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းလာသကဲ့သို့ တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသ ခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက် ပေးစေလိုကြောင်း၊ တံတားကြီးကို အောင်မြင်စွာဖွင့် လှစ်နိုင်ရန် ပံ့ပိုးကူညီပေးကြသော တနင်္သာရီတိုင်းဒေသ ကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကြိုးပမ်းဆောင်ရွက်ပေးကြ သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာယ၊ ဉာဏ ဝန်ထမ်းများကို နိုင်ငံတော်အစိုးရက ကျေးဇူးအထူး တင်ရှိပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး က "နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေဖို့ တိုင်းဒေသ ကြီးနှင့်ပြည်နယ်အသီးသီး အချိုးကျကျဖွံ့ဖြိုးတိုးတက် စေရေး ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးဟာ အဓိကကျလျက်ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ဆောက်လုပ်ရေး ဝန်ကြီးဌာနက ကျေးလက်လမ်း၊ တံတားဆိုင်ရာမူဝါဒ ကတော့-

- ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက် ပြီးရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရန် ဖြစ်ပါတယ်။

တနင်္သာရီတိုင်းအတွင်းမှာ ပေ(၁၈၀)နှင့်အ ထက် တည်ဆောက်ခဲ့တဲ့ တံတားအစင်းရေကတော့ လမ်းဦးစီးဌာနပိုင်လမ်းပေါ်တွင် မနေ့ကဖွင့်လှစ် လိုက်တဲ့ ဗောဓိကမ်းတံတားအပါ(၂၆)စင်း၊ ကျေးလက် လမ်းပေါ်တွင် တံတား(၆)စင်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တည်ဆောက်ထားသော တံတား(၁)စင်း၊ စုစုပေါင်း တံတား(၃၃)စင်း တည် ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။

အဲဒါကြောင့် လမ်းပန်းဆက်သွယ်မှုတွေ ကောင်း မွန်လာရေးအတွက် ဦးစားပေးဆောင်ရွက်နိုင်ရေး အဓိကအဟန့်အတားဖြစ်တဲ့ ပထဝီအနေအထားအရ အတားအဆီးဖြစ်တဲ့ မြစ်/ချောင်းတွေမှာ တံတား များတည်ဆောက်ပေးခြင်း၊ မြို့ပြ/ကျေးလက်လမ်း များကိုလည်း ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင် ရွက်ပေးလျက်ရှိပါတယ်။

ဒီကနေ့ဖွင့်လှစ်လိုက်တဲ့ ဘုတ်ပြင်း-အုန်းတော ကမ်းတံတားဟာ (၁၂၀၀)ပေအရှည်ရှိပြီး ယာဉ်သွား လမ်းအကျယ်မှာ (၂၄)ပေနှစ်လမ်းသွား သံကူကွန်က ရစ်တံတားဖြစ်ပါတယ်။ တံတား Foundation အပိုင်းကို Bored Pile Foundation အမျိုးအစား ဖြင့် တည်ဆောက်ထားပြီး Super Structure အပိုင်းကိုတော့ သံမဏိသံပေါင်ရက်မ (Steel Plate Girder)နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည် ဆောက်ထားတာဖြစ်ပါတယ်။ တံတားခံနိုင်ဝန် ခွင့်ပြုတန်ချိန်မှာ (၆၀တန်) ဖြစ်ပါတယ်။

ဘုတ်ပြင်း-အုန်းတောကမ်းတံတား တည်ဆောက် ခြင်းအားဖြင့် အုန်းတောလမ်းဘက်ကမ်းရှိ ကျေးရွာ အုပ်စု(၄)စု အိမ်ခြေပေါင်း(၃၀၀၀)ကျော်၊ လူဦးရေ (၁၆၀၀၀)ခန့်အား အကျိုးပြုမှာဖြစ်ပါတယ်"ဟု ရှင်း လင်းပြောကြားပါသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံခို ဦးမြတ်ကိုကလည်း "ယနေ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်မှာဖွင့်လှစ် တဲ့ ဘုတ်ပြင်း-အုန်းတောကမ်းတံတားဟာ ဘုတ်ပြင်း-အုန်းတောကမ်းလမ်းပေါ်တွင် တည်ရှိပြီး ယခင်ဘုတ် ပြင်းမြို့တစ်ဖက်ကမ်းရှိ ကျေးရွာအုပ်စု(၃)အုပ်စုဖြစ် တဲ့ အုန်းတောကမ်း၊ ထောင်စုမဟတ်၊ စတိန်ကျေး ရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း(၁၆)ရွာကနေ ဒေသခံပြည်သူလူထုများသည် ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့များသို့ သွားလာရာတွင် ရေကြောင်း ဖြင့်လည်းကောင်း၊ ကုန်းလမ်းဖြင့်သွားလာမည်ဆိုပါက ကွေ့ပတ်၍ အချိန်ကြာမြင့်စွာ သွားလာနေရတာဖြစ် ပြီး ယခုအခါမှာ အချိန်တိုအတွင်း လျင်မြန်စွာသွား လာနိုင်တဲ့ တံတား(၁)စီးအဖြစ် တည်ဆောက်ပေးနိုင် ခဲ့ပြီဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့ပြ၊ ကျေးလက်ပါ မကျန် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ လုံခြုံချောမွေ့စွာ အချိန်အခါမရွေး ဆက်သွယ်သွား လာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးတို့ကြောင့် ကုန်စည်ပို့ဆောင်မှု စရိတ်လျော့နည်းလာသဖြင့် ပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာပြီး လူမှုစီးပွားဘဝ တိုးတက်မှုရရှိစေ ရေးအတွက် အလေးထားပြီး ဆောင်ရွက်ပေးလျက် ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရမည်ဆိုလျှင် အစိုးရနှင့် သက်ဆိုင်ရာဌာနက အခုလိုဒေသခံပြည်သူများရဲ့

pmr;uEm (4)o →





'w,0eBu; 0;0i;az weom&wi;a'oBu;twi;

wnaqmua&;vyie;rsm; tajc taew Iun½ppaq;





ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ်လ ၂၂ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အာဆီယံလမ်းမကြီး AH 112 ဖြစ်သည့် ထားဝယ်-မြိတ်လမ်းပေါ်ရှိ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျွဲကူး-ကျောက်ဖျာ တံတားရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေလယ်တိုင် M-6 ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် P1 မှ M5 ကြား Plate Girder (၅)ခန်း ဆေးသုတ်ခြင်းလုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်နေမှုအား တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄)မှ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသိန်းနိုင်က ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက လိုအပ်သည်များ ဖြည့်စွက်တင်ပြပါသည်။ ဒုတိယဝန်ကြီးက တံတားတစ်ခုလုံး၏ Foundation ကြွှိုင်မှု၊ Water Level ထိ ချဉ်းကပ်တံတားနှင့် ပင်မရေလယ်တိုင် Bored Pile များ၏ Lower Water Level ထိ ရေငုပ်စမ်းသပ်ချက်ရယူဆောင်ရွက်ရန်၊ P1 မှ M5 ကြား Plate Girder များ၏ သံချေးစားပျက်စီးမှုများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျွဲကူး-ကျောက်ဖျာတံတားပေါ်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပါသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၆)က တာဝန်ယူဆောင်ရွက်လျက်ရှိသော မြိတ်ပြည်သူ့ဆေးရုံတိုးချဲ့ (၃)ထပ်ဆောင်သို့ ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲထက်ဇော်က ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်လုပ်ငန်း (၄)ခု၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြပါသည်။

ဒုတိယဝန်ကြီးက လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ သတ်မှတ်ချိန်ပြီးစီးရေးတို့အား အလေးထားဆောင်ရွက်ရန် မှာကြားပါသည်။ ၎င်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြိတ်ပြည်သူ့ဆေးရုံ (၃)ထပ်တိုးချဲ့ဆောင် ဆောက်လုပ်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးပါသည်။

မတ်လ (၂၃)ရက်၊ နံနက်ပိုင်းတွင် မြိတ်မြို့လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးတွင် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စသည့်ဦးစီးဌာန (၅)ခုတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် တက်ရောက်သူများက အလှည့်ကျဆွေးနွေးတင်ပြပြီး၊ ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမှာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာနေထိုင်ကြရန်နှင့် ဝန်ထမ်းတိုင်းသည် ပါတီနိုင်ငံရေးကင်းရှင်းရန်တို့အား အလေးထားလိုက်နာကြရန် မှာကြားပြီး၊ ဦးစီးဌာနအလိုက် ဒုတိယညွှန်ကြားရေးမှူးက ဝန်ထမ်းရေးရာကိစ္စများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

Rotary Blue

➡ စာမျက်နှာ (၃) ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-အုန်းတောကမ်းလမ်းပေါ်ရှိ ဘုတ်ပြင်း-အုန်းတောကမ်းတံတားဖွင့်ပွဲကျင်းပ သတင်းမှ

အကျိုးကို ရှေ့ရှုပြီးဆောင်ရွက်ပေးနေသလို တစ်ဖက်ကလည်း ပြည်သူများအနေနဲ့ မိမိတို့ဒေသမှာ ရရှိဖြစ် ပေါ်လာတဲ့ လမ်း၊ တံတားတွေကို အသုံးပြုတဲ့အခါ မှာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရမှာဖြစ်ပြီး ဒီတံတားကိုအသုံးပြုမည့် မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများကလည်း သတ်မှတ်စည်းကမ်းအတိုင်း အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်အသုံးပြုပြီး ဝိုင်းဝန်းထိန်းသိမ်းပေးကြပါ လို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့လည်း ဒေသခံရပ်မိရပ်ဖများနဲ့ပူးပေါင်းပြီး တန်ပိုယာဉ်ထိန်းသိမ်းတားဆီးရေးလုပ်ငန်းကို စည်းကမ်းတကျနဲ့အောင်မြင်စွာ ဆောင်ရွက်သွားကြပါ”ဟု တိုက်တွန်းပြောကြားပါသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ဘုတ်ပြင်း-အုန်းတောကမ်းတံတားဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါကြောင်း ပြော ကြားသည်။

ထို့နောက် ဘုတ်ပြင်း-အုန်းတောကမ်းတံတားအား ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းဖေနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တံတားကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီအဖွဲ့ဝင် ဒုတိယပိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွေးနုံသာရည်များ ပက်ဖျန်းပေးပြီး တံတားပေါ် မှဖြတ်သန်းကြည့်ရှု၍ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

MNG

'w,OeBu; O;ri;xe u&ijyne,Ei rejyne,twi;

wnaqmua&;vyie;rsm; Iun½ppaq;





ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ကရင်ပြည်နယ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်နှင့် အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ်လ ၂၀ရက်၊ နေ့လယ်ပိုင်းတွင် လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျော့ရွာ-ဝင်းစိန်-ဒေါ်လန်း-ဝဲကင်အံ့ (နဘူး)လမ်း (0kmမှ10km)အထိ (10) km အရှည်အား (10.36)m အကျယ်မြေကြီးတာပေါင်တည်ဆောက်ခြင်း၊ ဂဝံမြေ (200)mm ထု (6.7) m အကျယ် ခင်းကြိတ်ခြင်းနှင့် လမ်းဘေးဝဲ/ယာ ရေမြောင်းတူးခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လမ်းစခန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ညိုက လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့အား မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့်အဖွဲ့သည် ဘားအံမြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဖောက်လုပ်ခဲ့သည် မဲဘောင်-နောင်ပလိမ်လမ်း၊ ရေကျော်-လှိုင်းပုံ-လှာကမြင်လမ်းနှင့် အားကစားရုံအဝင်လမ်း လမ်းစခန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ၊ ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစောကျော်ဝင်းက လမ်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့အား မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပါသည်။ အဆိုပါလမ်းများ ဖောက်လုပ်ပြီးစီးခြင်းကြောင့် ဒေသခံကျေးရွာ (၁၄)ရွာ၊ အိမ်ခြေ (၁၆၄၀)နှင့် လူဦးရေ (၉၈၀၅)ဦးတို့ လူမှုစီးပွားဘဝများ များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ်၊ ဘားအံမြို့တွင် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၃)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဇွဲကပင်(လှာကမြင်) အားကစားကွင်းအနောက်ဘက် ပွဲကြည့်စင်တည်ဆောက်ခြင်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အဆောက်အဦအထူးအဖွဲ့(၁၃)မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်သူက ဘဏ္ဍာရေးနှစ်အလိုက် ရရှိရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပါသည်။ ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများတွင် QC အဖွဲ့များ စဉ်ဆက်မပြတ်စစ်ဆေး ဆောင်ရွက်သွားရန်၊ နည်းပညာရပ်ပိုင်းဆိုင်ရာများကို လေ့လာ၍ ခေတ်စနစ်နှင့်ကိုက်ညီသည့် ပညာရပ်များဖြင့် ဖြည့်ဆည်းတည်ဆောက်ရန်၊ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် Energy Saving နည်းပညာရပ်များ ထည့်သွင်းစဉ်းစားသွားရန်၊ အားကစားကွင်းတည်ဆောက်ရာတွင် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်လုပ်ငန်းများ၊ အရည်အသွေးပြည့်မီအောင် အထူးအလေးထားဆောင်ရွက်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားပါသည်။

အလားတူ အောင်မြင်ခိုင်ခန့်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်နေသည့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ညွှန်ကြားရေးမှူးရုံး (၃) ထပ် RCC (72'x42'x34') တည်ဆောက်နေမှုအား ရောက်ရှိစစ်ဆေးရာ ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ အထူးအလေးထားဆောင်ရွက်ရန်မှာကြားပြီး အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပါသည်။

ဒုတိယဝန်ကြီး ဦးမင်းထိန်နှင့်အဖွဲ့သည် မတ်လ ၂၁ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်၊ လမ်းဦးဗီဒီယာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အစည်းအဝေးခန်းမ၌ ဦးစီးဌာန(၅)ခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒုတိယဝန်ကြီးက မိမိတို့နန်ကြီးဌာနအနေဖြင့် အဓိကတာဝန်ယူနေသည့် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာ၊ ကျေးလက်လမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ အဆောက်အဦကဏ္ဍတွင် တရားလွတ်တော်ရုံးများ၊ အထပ်မြင့်ဆေးရုံကြီးများနှင့် အဆင့်မြင့် အားကစားကွင်းများကိုလည်းကောင်း၊ လမ်းကဏ္ဍတွင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း လမ်းများကွန်ရက်သဖွယ် ဆက်သွယ်သွားလာနိုင်ရေးနှင့် အာဆီယံစံချိန်စံညွှန်းများနှင့်အညီ လမ်းလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းများကိုလည်းကောင်း၊ တံတားကဏ္ဍတွင် ခေတ်စနစ်နှင့်ကိုက်ညီသည့် တံတားကြီးများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် တည်ဆောက်ခြင်းများကိုလည်းကောင်း၊ မြို့ပြအိမ်ရာကဏ္ဍတွင် လူဦးရေထူထပ်နေသည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်များတွင် ပြည်သူ့အဌားအိမ်ရာများ တည်ဆောက်ခြင်း၊ Town Plan များ ရေးဆွဲခြင်းများကိုလည်းကောင်း၊ ကျေးလက်လမ်းကဏ္ဍတွင် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နေသည်များတွေ့ရ၍ ဂုဏ်ယူပါကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို စေတနာထားပြီး ကျေပွန်အောင် ဆောင်ရွက်ရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်ကိုက်ညီသည့် နည်းပညာရပ်များကို လေ့လာသင်ကြားသွားရန် လိုပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်ကထုတ်ပြန်ထားသည့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများသိရှိပြီး လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းအတိုင်းနေထိုင်ပြီး ပါတီနိုင်ငံရေးကင်းရှင်းရန်လိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကို ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်လိုပါကြောင်း၊ ရုံး/လုပ်ငန်းခွင် လုံခြုံရေးကို အထူးအလေးထားဆောင်ရွက်ပြီး လုပ်ငန်းခွင်သုံးစက်၊ ယာဉ်၊ ယန္တရားများ၏ လုံခြုံရေးကို ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားပါသည်။

ဆက်လက်၍ ဦးဗီဒီယာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များကလည်း အသီးသီး ဖြည့်စွက်ပြောကြားပြီး တက်ရောက်လာသည့်ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

ဌင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် လမ်းဦးစီးဌာန၊ လမ်းသုတေသနဓာတ်ခွဲခန်း (Mini Lab)ရှိ စက်ပစ္စည်းများအား လိုက်လံကြည့်ရှုစစ်ဆေးပါသည်။

ထို့နောက် ဘားအံမြို့ရှောင်လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်ညိုက လိုက်လံရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက လမ်းခင်းကျောက်များ၏ အရည်အသွေးများကောင်းမွန်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများ၊ လမ်းဘေးဝဲယာ ရေနုတ်မြောင်းဖောက်လုပ်သွားရန်၊ သတ်မှတ်အချိန်အတွင်း လုပ်ငန်းများပြီးစီးရေး အလေးထားဆောင်ရွက်သွားရန်၊ ပြည်နယ်အတွင်း လမ်း၊ တံတားများကို တိုးတက်ပြုပြင်အဆင့်မြှင့်တင်ပေးနိုင်မှုပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လမ်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုပါကြောင်း တာဝန်ရှိသူများအား မှာကြားပါသည်။

ဘားအံမြို့ရှောင်လမ်းသည် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်အတွင်းရှိ ဘားအံ (ကြိုဂံလမ်းဆုံ)-ရွှေယာဉ်မျှော်-နောင်လုံလမ်းဆုံ၊ ကြိုဂံလမ်းဆုံမှ ကမ္ဘောကစင်ရွာကိုဖြတ်၍ လှာကဒေါင်ရွာအထိ ဖောက်လုပ်မည်ဖြစ်ပြီး စုစုပေါင်း (၄)မိုင်ရှည်လျားပြီး ဘားအံမြို့ရှောင်လမ်း ဖောက်လုပ်ခြင်းအားဖြင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် လမ်းကြောင်းကြန့်ကြာမှုများ ရှောင်ရှားနိုင်ပြီး မြို့ရှောင်လမ်းမှတစ်ဆင့် ကော့ကရိတ်၊ မြဝတီမြို့များသို့လည်းကောင်း မြဝတီမြို့မှလာသောယာဉ်များလည်း ဘားအံမြို့ရှောင်လမ်းအတိုင်း မော်လမြိုင်မြို့၊ ရန်ကုန်မြို့နှင့်နေပြည်တော် စသဖြင့် သွားလာနိုင်မည်ဖြစ်ပါသည်။


ဆက်လက်၍ ဒုတိယဝန်ကြီးဦးမင်းထိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကျိုက်ထိုမြို့ရှောင်လမ်း (0km မှ 2km အထိ) အား Well Graded (250)mm ထုတစ်လွှာ၊ 225mm ထုတစ်လွှာနှင့် (၂၄)ပေအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်မင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိ AC ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့အား မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက သတ်မှတ်အရည်အသွေး ပြည့်မီရေး၊ စံချိန်စံညွှန်းကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်မှာကြားပြီး AC ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပါသည်။ လင်းအောင်


clpfufm;or;Dm;ESf&pfeH[mpmwrf


6 - 4 -2022 &ur 19 - 4 - 2022 &utx   aZ,smr; (a0'Arme)



တနင်္ဂနွေ



တနင်္လာ


အင်္ဂါ


ဗုဒ္ဓဟူး


ရာဟု


ကြာသပတေး


သောကြာ


စနေ

bmoma&;tvyrsm; jyvyaexioiaom&uyi; jzpyon/ 0ya'abmitwi;r aeí aexivyuiaeorsm;t aejzi p;ym;a&;vr;alumi;rsm; yivi;vmrn/ atmijrijzp xe;vmrn/ 0ya'rvyui orsm; trtci;ul&wwaom umvjzpyon/ tzr;tq; tcsy taEmic&vrrn/ twwynm&irsm;taejzi aialu;vmb&iaevrrn/ tx;ojzi ao;Eiywou aom tema&m*yrsm;jzp&wwy on/ om;or;&orsm; om;or; rsm;twu pwaomuul& vrrn/

á aetrb&m;wi varm&n uyvLay;yu t&m&matmijri&vrrn/

traxmia&;? trwi; a&;omom,m,m jzpae&ww aomtcseumv jzpyon/ rom;p0irsm;Ei pa0;awq aysm&iae&vrrn/ ta0;r rom;p0ialumi pwnp&ww onrví tppt&m&m u aumi;ae&vrrn/ c&;om; vmae&aomojzpyu tx; aiuaumi;aern/ vlvrc& vrrn/ bmoma&;vyorsm; tx;atmijri ausmlum;vm vrrn/ aetro ouu;&, trsm;a&muvmy; pwaomu rsm;ae&vrrn/ tou½ vr;alumi;a0'emrsm; jzpym;& vrrn/

á aetrb&m;wi olum;qr; uyvLay;yu t&m&m atmijri&vrrn/

tppt&m&m atmijri wwaom tcsetcjaumi; jzpyon/ rxirwb ai alu;rsm;pm 0ivm&vrrn/ tartEp&wwon/ x ayu&vrrn/ Eiijcm;Ei quo,vyuiaeolrsm;? Eiijcm;om;rsm;Ei wbu vyuiaeolrsm;taejzi tx; uaumi;vmvrrn/ aia&;alu;a&;uptaejzi "mworsm;\ tvrc&vr rn/ owxm;y/ use;rma&; taejzi bma&m*yre;&mr& b jzpae&vrrn/ tom; ta&rsm; ,m;,ae&ww on/

á aetrb&m;wi Ei;qye;uyvLay;yu t&m &matmijri&vrrn/

tvytui tcit vr;rsm; ay;ay;uvmvrrn/ aialu;0pmrsm; w;ym;vmvr rn/ i,&,aom vuatmu i,om;? 0exr;rsm;alumi aomursm;&vrrn/ vltae jzi t&r;yiyiye;ye; vyui ae&wwon/ tyavmiwm? "mwvu&wmrsl; ul&ww aomalumi tx;owxm;y/ bmoma&;w&m;jzi xe;xe; or;or;aexiwwyr tx; uaumi;vmvrrn/ taysm ty;vupm;orsm;taejzi aocsmayu trltci;jyóem? tema&m*jyóemrsm; ul&y vrrn/

á aetrb&m;wi varm&n uyvLay;yu t&m&matmijri&vrrn/

vlcspvlciayrsm;ly; aumi;owi;jzi ausmlum;ae &wwaom tcsetcjaumi; jzpyon/ tEynmvyie; vyuiaeorsm;taejzi tx; uaumi;vm&wwaom umv jzpyon/ y&wowrsm;\ tm;ay;unr? tu;tursm;\ ulnaxmuyrrsm; &&vmvr rn/ tppywlvyie;oprsm; vyui&yu tx;atmijri rn/ i,&,orsm;taejzi cspo0i;0i;vn jzpae&y vrrn/ traxmionrsm; taejzi ti,taEmi; jyóemrsm; ul&wwv ow xm;y/

á aetrb&m;wi te;o;pwrsm;uyvLay;yu t&m&matmijri&vrrn/

traxmia&;? trwi; a&; om,mae&wwaom tcseumvjzpyon/ vlvw rsm;taejzi traxmia&;up rsm; ay;ay;uvm&vrrn/ cspoEitwae jzpom;&vr rn/ traxmionrsm;tae jzi ti,taEmi;jyóemrsm; aocsmayu awul&yvr rn/ a&miEi&e cucaern/ c&;om;vmaeorsm; tx;ow xm;y/ Eiijcm;om;&e ul;pm; aeorsm; aocsmayuom;jzp &vrrn/ trsl;or;ul;rsm;\ tultnaumi; &&&vrrn/ use;rma&;uawm a'jia'ji jrnaumi;aevrrn/

á aetrb&m;wi 'eayu uyvLay;yu t&m &matmijri &vrrn/

Eiijcm;c&;? jynwi; c&;rsm; om;jzp&vrrn/ tartEp&jci;rsl;? xayu &jci;rsl;jzp&vrrn/ bm omw&m; tm;en;orsm;t aejzi taysmty;? taomu tpm;rsm;aevrrn/ xalumi tema&m*jzp&vrrn/ aq; ½? aq;ce;jyoly; uorc,l &vrrn/ traxmion trsl;or;rsm;taejzi om; or;&vrrn/ wwwwye; u,0eaqmi&wwaom tcse jzpwmalumi traxmir& aomtrsl;or;rsm;taejzi tx;taetxi qijcioi yon/

á aetrb&m;wi Ei;qye; uyvLay;yu t&m&m atmijri&vrrn/

i,p0u oli,csi; a[mi;rsm;? q&ma[mi;rsm;? rwaqa[mi;rsm;Ei jyeq& vrrn/ i,cspa[mi;alumi vu&traxmizuEi pum; rsm;&wm? cu&ejzp&wmrsl; ul&vrrn/ lum;pum;aw u,luny; ajz&i;r&jzpae &wwyon/ ntpuarmi Errsm;\ tultnaumi;rsm; &&vrrn/ traxmir& ao;orsm; aocsmayu tr axmia&;upul&vrrn/ taomu tpm;rsm;orsm;Ei taysmveorsm; aq;½? aq;ce;u aocsmayuom; &vrrn/

á aetrb&m;wi Ei;qye; uyvLay;yu t&m&matmijri&vrrn/

သိပ္ပာ သမံ ခန် နတ္တိ (ဖုန်း-၀၉-၄၂၀-၂၇၄၁၀၈)

atmijrily;ajrmu o'a&muapaom tcsetcjrsm;

6 - 4 -2022 &ur 19 - 4 - 2022 &utx   q&maZ,smr; (a0'Arme)

လူတစ်ယောက်အတွက်ကံကောင်းပြီး လုပ်သမျှအဆင်ပြေနေတဲ့ အချိန်အခါဆိုတာရှိသလို လုပ်တိုင်းအဆင်မပြေဖြစ်ရပြီး ကံဆိုးမိုးမှောင်ကျရတဲ့ အချိန်အခါလည်းရှိပါတယ်။ ဒီတော့သင့်အနေနဲ့ ကံကောင်းတဲ့အချိန်မှာ မိမိလုပ်ချင်တဲ့အလုပ်တွေကိုလုပ်ပြီး ကံမကောင်းအဆင်မပြေတဲ့အချိန်အခါမှာ လုပ်ငန်းတွေမလုပ်ဘဲ သတိထားရှောင်ကြဉ်နေထိုင်မယ်ဆိုရင်တော့ အဆင်မပြေတာတွေမတွေ့ရဘဲ အဆင်ပြေ အောင်မြင်မှုတွေရရှိပါလိမ့်မယ်။ ဒါကြောင့် မိမိတစ်သက်တာလုံးနေထိုင်ရမယ့် နေအိမ်၊ တိုက်တာတစ်လုံး ဆောက်လုပ်မယ်ဆိုရင်တော့ ကံကောင်းပြီး လုပ်သမျှအဆင်ပြေနိုင်မယ့် ကျွန်ုပ်တင်ပြပေးထားတဲ့ အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေသော အချိန်အခါများမှာ လုပ်ကြည့်ပါလို့ တိုက်တွန်းပေးလိုက်ရပါတယ်။

(1) ajruu0,,loiaomae

၆၊ ၄၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၇၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၉၊ ၄၊ ၂၀၂၂ (စနေနေ့)
၁၄၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)

စရန်ငွေပေးချေရာတွင်လည်းကောင်း၊ ငွေအကျေပေးချေရာတွင်လည်းကောင်း အထက်ပါနေ့ရက်များတွင် ပြုလုပ်ခြင်းဖြင့် အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်-အိမ်မပါသော မြေကွက်အလွတ်ဖြစ် စေ၊ နေမရတော့သော နေအိမ်ပါသောမြေကွက်ဖြစ် စေ၊ အိမ်အသစ်ဆောက်လုပ်နေထိုင်ရန် ဝယ်ယူရာ တွင်ဖြစ်စေ ဤရက်များကို အသုံးပြုရပါမယ်။)

(2) tr0,,loiaomae

၇၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)

စရန်ငွေပေးချေရာတွင်လည်းကောင်း၊ ငွေအကျေပေးချေရာတွင်လည်းကောင်း အထက်ပါနေ့ရက်တွင် ပြုလုပ်ခြင်းဖြင့် အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- မိမိအဆင်သင့် တက်ရောက်နေထိုင်ရန်အတွက်ဝယ်ယူသော နေအိမ်၊ တိုက်ခန်းများအားဝယ်ယူရာတွင် ဤရက်ကိုအသုံးပြုရပါမယ်။)

(3) taqmutt lzlzuoiaomae

၁၀၊ ၄၊ ၂၀၂၂ (တနင်္ဂနွေနေ့)
၁၂၊ ၄၊ ၂၀၂၂ (အင်္ဂါနေ့)
၁၃၊ ၄၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)

အိမ်ဟောင်းဖြစ်စေ၊ တိုက်ဟောင်းဖြစ်စေ၊ အဆောက်အအုံ ဟောင်းဖြစ်စေ အထက်ပါနေ့ရက်တွင်ဖြိုဖျက်ခြင်းဖြင့် အောင်မြင်ပြီးမြောက်သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက် - အဆောက်အအုံများဖြိုဖျက်ရာတွင် ဤရက်များကို အသုံးပြုရပါမယ်။)

(4) taqmuttop pwiaqmuoiaomae

၆၊ ၄၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၇၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၉၊ ၄၊ ၂၀၂၂ (စနေနေ့)
၁၄၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၁၅၊ ၄၊ ၂၀၂၂ (သောကြာနေ့)
၁၆၊ ၄၊ ၂၀၂၂ (စနေနေ့)

ပန္နက်ရိုက်ခြင်း၊ အုတ်မြစ်ချခြင်းများကို အထက်ပါနေ့ရက်များတွင် ပြုလုပ်ခြင်းဖြင့်အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- အဆောက်အအုံ အသစ်တစ်ခု စတင်ဆောက်လုပ်ရာတွင် ဤရက်များကို အသုံးပြုရပါမယ်။)

(5) aetr? qice;rsm;jyljyi tvqioiaomae

၆၊ ၄၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၇၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၈၊ ၄၊ ၂၀၂၂ (သောကြာနေ့)
၁၁၊ ၄၊ ၂၀၂၂ (တနင်္လာနေ့)
၁၅၊ ၄၊ ၂၀၂၂ (သောကြာနေ့)
၁၈၊ ၄၊ ၂၀၂၂ (တနင်္လာနေ့)

အခန်းအားပြုပြင်ရာတွင်လည်းကောင်း၊ အလှအပဆင်ရာတွင်လည်းကောင်း အထက်ပါနေ့ရက်များတွင်ပြုလုပ်ခြင်းဖြင့်အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- အခန်းအားပြုပြင်ရာတွင်ဖြစ်စေ၊ အလှအပဆင်ရာတွင်ဖြစ်စေ အလုပ်စတင်လုပ်ကိုင်ရာ တွင် ဤရက်များကိုအသုံးပြုရပါမယ်။)

(6) tce;tyoiaomae

၆၊ ၄၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၁၄၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)

အိမ်သစ်ဖြစ်စေ၊ အခန်းသစ်ဖြစ်စေ အထက်ပါနေ့ရက်တွင် အပ်နှံခြင်းဖြင့် ဤအခန်းလက်ခံရရှိသူ ဟာ အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်ရပါလိမ့်မယ်။

(မှတ်ချက် - ကန်ထရိုက်မှ အခန်းရှင်အားအခန်းအပ်ရာတွင် ဤရက်ကိုအသုံးပြုရပါမယ်။)

(7) tropwu? trajymi;oiaomae

၆၊ ၄၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၇၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၁၄၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၁၈၊ ၄၊ ၂၀၂၂ (တနင်္လာနေ့)

အိမ်သစ်တက်ရာတွင်ဖြစ်စေ၊ အိမ်ပြောင်းရာတွင်ဖြစ်စေ အထက်ပါနေ့ရက်တွင် ပြောင်းရွှေ့နေထိုင်ခြင်းဖြင့် ဤအိမ်တွင် နေထိုင်သူဟာ အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်ရပါလိမ့်မယ်။

ဤရက်ပိုင်းအတွင်း ဘာပဲလုပ်လုပ် အကောင်းဆုံးရက်မှာ (၁၈၊ ၄၊ ၂၀၂၂) တနင်္လာနေ့ဖြစ်ပါသည်။

,ctywtwi;

နဂါးဦးခေါင်းဟာ အနောက်အရပ်သို့လှည့်နေပြီး ဝမ်းကား မြောက်အရပ်၊ ကျောကား တောင်အရပ်၊ အမြီးကား အရှေ့အရပ်ဖြစ်နေသောကြောင့် အနောက်အရပ်မှ အရှေ့အရပ်သို့ အိမ်ပြောင်းခြင်းမပြုရပါ။

အိမ်ပြောင်းလိုပါက မိမိနေအိမ်၏မြောက်အရပ်မှ တောင်အရပ်သို့ အရင်ပြောင်းသွားပြီးမှ မိမိပြောင်းလိုရာသို့ပြောင်းပါ။

ဤအချိန်အခါများကို အသုံးချရင်းလော ကကိုအလှဆင်သူများဖြစ်ကြပါစေ။ သိပ္ပာ သမံ ခန် နတ္တိ (ဖုန်း-၀၉-၄၂၀-၂၇၄၁၀၈)

twziwi'jac:,jci; vr;0;p;Xme? Irwc½i

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံ လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်မည်သူမဆို အိတ်ဖွင့်တင်ဒါ (Open Tender) ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(u) wi'javmuvm pwia&mi;csrn&u
၁-၄-၂၀၂၂ ရက်၊ ကြာသပတေးနေ့မှစ၍ (ရုံးချိန်အတွင်း)

(c) wi'javmuvm aemuq;wioi;&rn &u^tcse
၂၁-၄-၂၀၂၂ ရက်၊ ကြာသပတေးနေ့
ညနေ ၄း၀၀ နာရီ

(*) wi'jziyusi;yrn&uEi tcse^ae&m
၂၅-၄-၂၀၂၂ ရက်၊ တနင်္လာနေ့
နံနက် ၉ နာရီ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မြိတ်ခရိုင်၊ မြိတ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၅၉-၄၁၁၁၇၊ ၀၅၉-၄၁၀၀၇၊ ၀၉-၇၇၂၉၄၀၉၇၅ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

aqmuvya&;0eBu;Xme vr;0;p;Xme? aumaomi;c½i (1^2022-2023) twziwi'jac:,jci;

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကျောက်ဆည်ခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(u) wi'javmuvma&mi;csrn &u^tcse
၄-၄-၂၀၂၂ ရက်၊ နံနက် ၀၉း၃၀ နာရီ

(c) wi'javmuvmywrn &u^tcse
၂၅-၄-၂၀၂၂ ရက်၊ ညနေ ၄း၀၀ နာရီ

(*) wi'jzivprn &u^tcse
၂၈-၄-၂၀၂၂ ရက် နံနက် ၁၀း၀၀ နာရီ

(C) wi'jpppzivpa&;cs,rn ae&m
ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊
လမ်းဦးစီးဌာနညှိရိပ်သာ၊
ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့။

၂။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်းရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
လမ်းဦးစီးဌာန၊ ကျောက်ဆည်ခရိုင်
ဖုန်း-၀၅၉-၅၁၀၁၁

aqmuvya&;0eBu;Xme wwm;0;p;Xme? wwm;tx;tz (13) (1^2022-2023) Open Tender ac:,jci;

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တကူ-တိုက်ကမ်းတံတား၊ ဖောင်ဆိပ်တံတား၊ ဟိန္ဒားပြင်တံတား၊ ဂျင်းထောက်တံတား၊ ဘုရင့်တောင်တံတား၊ သပြုချောင်းတံတား၊ ဝါးချောင်းတံတား၊ အရှေ့မော်တုန်း-အနောက်မော်တုန်းတံတား၊ ကဘင်းချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်)ငွေဖြင့် ဝယ်ယူခြင်းကို Coronavirus Diease 2019 (COVID-19) ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်းအစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

(u) 0,,vonypn;rsm;
J/Wood, Chipping,R/Sand, Bentonite, H.S.D, 2mm thk;M.S Plate, 10mm thk;M.S Plate, Ready Mixed Concrete(3500 psl, 5500 psl)

(c) im;&r;vonypn;
Ton 1200Barge, Tug Boat, Z-Craft Landing Craft

(*) wi'javmuvmpwia&mi;csrn &u
၅-၄-၂၀၂၂ ရက် (အင်္ဂါနေ့)

(C) wi'javmuvmywrn &u^tcse
၂၅-၄-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၁၁း၀၀ နာရီ

(i) wi'jzivprn &u^tcse
၂၆-၄-၂၀၂၂ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၀ နာရီ

(p) wi'jzivprn ae&m
ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၃)၊ မြန်မာ့စီးပွားရေးဘဏ်အနီး၊ မြိတ်မြို့

၂။ တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းများ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
ဖုန်း-၀၉-၄၂၂၁၉၉၄၉၅၊ ၀၉-၂၅၇၆၀၂၉၇၈၊ ၀၉-၇၈၃၁၇၇၅၄၃၊ ၀၅၉-၂၀၄၂၀၁၄

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၁၃)၊ မြိတ်

twziwi'jac:,jci; (yxrtBur) wi'jtrwp0 (1^2022)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (ပြည်ထောင်စု/ပြည်နယ်) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ (ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ ကျောက်ရွယ်စုံ၊ ဒီဇယ်ဆီ အစရှိသော ပစ္စည်းများနှင့်) စက်/ယာဉ်/ယန္တရားများ ငှားရမ်းခြင်းကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် သတ်မှတ်နေရာအရောက် (မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(u) wi'javmuvma&mi;csrn &u^tcse
၁၉-၄-၂၀၂၂ရက်မှ ၂၉-၄-၂၀၂၂ရက်အထိ
နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီ

(c) wi'javmuvm aemuq;wioi;&rn &u^tcse
၆-၅-၂၀၂၂ ရက် ညနေ ၁၆း၀၀ နာရီ

(*) wi'jziyusi;yrn tztpn; &u^tcse
ဟားခါးခရိုင် ၉-၅-၂၀၂၂ရက် နံနက် ၉း၀၀ နာရီ
လမ်းအထူး(၁၀) ၁၀-၅-၂၀၂၂ရက် နံနက် ၉း၀၀ နာရီ
ဖလမ်းခရိုင် ၁၁-၅-၂၀၂၂ရက် နံနက် ၉း၀၀ နာရီ
မင်းတပ်ခရိုင် ၁၂-၅-၂၀၂၂ရက် နံနက် ၉း၀၀ နာရီ
လမ်းအထူး(၁၂) ၁၃-၅-၂၀၂၂ရက် နံနက် ၉း၀၀ နာရီ

(C) wi'jziyusi;yrn ae&m
ဟားခါးခရိုင်၊ ချင်းပြည်နယ်၊ ဟားခါးမြို့
လမ်းအထူး(၁၀)၊ ချင်းပြည်နယ်၊ ဟားခါးမြို့
ဖလမ်းခရိုင်-ဖလမ်းခရိုင်၊ ဖလမ်းမြို့
မင်းတပ်ခရိုင်၊ နောက်တန်းရုံး၊ ပခုက္ကူမြို့
လမ်းအထူး(၁၂)၊ နောက်တန်းရုံး၊ ပခုက္ကူမြို့

၂။ တင်ဒါလျှောက်လွှာပုံစနှင့် စည်းကမ်းချက်များ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာလမ်းအထူးအဖွဲ့/ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးများတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

ဟားခါးခရိုင်-၀၉-၈၉၇၀၉၉၃၅၂
လမ်းအထူးအဖွဲ့(၁၀)-၀၉-၄၄၃၀၅၃၇၇၃၃/၀၉-၂၄၅၀၃၁၈
ဖလမ်းခရိုင်-၀၉-၉၅၇၉၉၈၀၀၀
မင်းတပ်ခရိုင်-၀၉-၇၉၂၃၂၀၀၉၅
လမ်းအထူးအဖွဲ့(၁၂)-၀၉-၇၇၄၈၅၁၄၇/၀၉-၆၉၇၈၄၂၄၆၈

aqmuvya&;0eBu;Xme wwm;0;p;Xme? wnaqmua&;tz (1) wwm;tx;tz (4)? rEav;Irk twziwi'jac:,jci;

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေ ဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံး တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူခြင်း/သယ်ယူခြင်းနှင့် စက်/ယာဉ်/ယန္တရားများ ငှားရမ်းခြင်းတို့အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူ/ငှားရမ်းလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(u) wi'jyp a&mi;csrnae&m
ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန
တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့

(c) wi'javmuvmyp pwia&mi;csrn&u
၆-၄-၂၀၂၂ ရက် (ရုံးချိန်အတွင်း)

(*) wi'javmuvmyptа&mi; ywrn&u^tcse
၂၅-၄-၂၀၂၂ ရက်၊ ၁၆း၃၀ နာရီ

(C) wi'jzirn &u^tcse
၂၇-၄-၂၀၂၂ ရက်၊ ၀၉း၃၀ နာရီ

(i) wi'jwioi;^ppp^a&;cs,rnae&m
ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန
တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရေးရမည့်ဖုန်း-၀၉-၂၅၁၇၆၉၂၂၃၊ ၀၉-၅၄၁၅၈၁၄၊ ၀၉-၇၈၇၈၈၁၂၇၁၊ ၀၉-၄၄၈၅၄၈၅၈၅၊ ၀၉-၇၈၁၃၀၀၄၀၉

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၄)

DEPERMENTAL
The Beautifier News Journal
အလှဆင်ရေး
6-4-2022

ရေအောက်ပိုက်ကြိုးတပ်ဆင်ခြင်းလုပ်ငန်းများ ကျွမ်းကျင်စွာဆောင်ရွက်ပေးနိုင်သော ကုမ္ပဏီများ (ပထမပိုင်း)



ရေဝတီတိုင်းဒေသကြီး အနောက်ဘက်ကမ်းရိုးတန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရပိုင်ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကမ်းခြေပတ်လမ်း ၁၀၃မိုင် ဉာဏလုံရည်လျားသော ရေတံကောင်း-ဆင်မ-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-မကျီးဇင်-ကျောက်ချွန်-ဂွလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပုသိမ်ခရိုင် ငပုတောမြို့နယ်၊ ရေတံကောင်းမြို့မှ ရခိုင်ပြည်နယ် ဂွမြို့နယ်အထိကို ကမ်းခြေပတ်လမ်း ဆောင်ရွက်နေခြင်းဖြစ်ပြီး၊ ရေဝတီတိုင်းဒေသကြီးအတွင်း၌ လမ်းအရှည် ၉၃မိုင်နှင့် ရခိုင်ပြည်နယ်အတွင်း၌ လမ်းအရှည် ၁၀မိုင် ဉာဏလုံဖြင့် စုစုပေါင်းလမ်းအရှည် ၁၀၃မိုင် ဉာဏလုံရည်လျားသောလမ်းအား ဆောင်ရွက်နေခြင်းဖြစ်သည်။ ကမ်းခြေပတ်လမ်းစီမံကိန်းအတွင်း ရွှေသောင်ယံနှင့်ဂွလမ်းပိုင်းမှာ လမ်းအရှည် ၅၂မိုင် ၂ဖာလုံရှည်လျားပြီး သဘောဂူကန်ချောင်းနှင့်ဘောမိချောင်းလမ်းပိုင်းအတွင်း လမ်းအရှည်၁၈မိုင်မှာ မော်တော်ယာဉ်များ သွားလာမရသေးပါ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၄င်းအပိုင်းတွင် မြေသားလမ်းဖောက်လုပ် လျက်ရှိသည်။ သဘောဂူကန်ချောင်းတံတားနှင့် ဘောမိချောင်းတံတားများကိုလည်း တည်ဆောက်လျက်ရှိသည်။ ရေတံကောင်းမှ ဂွလမ်းပိုင်းအတွင်းတွင် ရွှေသောင်ယံတံတား၊ မကျီးဇင်တံတား၊ ကျောက်ချွန်တံတားနှင့် ဂွချောင်းတံတားများမှာ တည်ဆောက်ပြီးဖြစ်သည်။

ရေဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းခြေပတ်ကမ်းဖောက်လုပ်ပြီးစီးသွားပါက ပင်လယ်ကမ်းခြေတစ်လျှောက်၌ သဘာဝအလှအပများနှင့် ပြည့်စုံနေသော ကမ်းခြေနေရာသစ်များ ထပ်မံဖော်ထုတ်လာနိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ကြွယ်ဝစေမည်ဖြစ်ပါသည်။ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် အပန်းဖြေစခန်းများ၊ ဟိုတယ် ပိုတယ်များ၊ စားသောက်ဆိုင်များ၊ ပင်လယ်ထွက်အစားအစာ အရောင်းဆိုင်များ၊ ပင်လယ်ထွက်ကုန်ပစ္စည်းထုတ်လုပ်သော စီးပွားရေးလုပ်ငန်းနှင့် စက်ရုံများ၊ စက်မှုဇုန်များပေါ်ထွက်လာမည်ဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော အဆိုပါကမ်းခြေပတ်လမ်း စီမံကိန်းဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက် လာမည်ဖြစ်ပြီး လူမှုစီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။



ရေတံကောင်း - သင်ပလမ်းအပိုင်း

ငပုတောမြို့နယ် ရေတံကောင်းမြို့မှ ပုသိမ်မြို့နယ် ဆင်ဝကျေးရွာသို့ ဆက်သွယ်ထားသော ရေတံကောင်း-ဆင်မလမ်းအပိုင်းမှာ လမ်းအရှည် ၁၉မိုင် ၄ဖာလုံရှိသည်။ လက်ရှိလမ်းအမျိုးအစားမှာ မြေသားလမ်းအဆင့်ပဲ ရှိသေးသည်။ ၄င်းလမ်းအပိုင်း အသစ်တည်ဆောက်ရမည့် တံတားများအနေဖြင့် ပေ၁၈၀ အထက် တံတား ၅စင်း ပေ၅၀မှ ပေ၁၈၀အထိ တံတား ၇စင်းနှင့် ပေ၅၀အောက်နှင့် ၁၀ပေ ရေငြွန် (Box Culvert) တံတား ငယ်များ ၁၅စင်း ပေါင်း ၂၇စင်းရှိသည်။ လမ်းမကြီးတစ်လျှောက်နှင့် ပတ်ဝန်းကျင်အနီးတွင် သဲကုန်းရွာ၊ ပိုးတီမဲပြင်ရွာ၊ ရွာသစ်၊ ကျောက်ခဲကြီးရွာ၊ မီးချောင်းခေါင်းရွာ၊ ရွာသစ်ကုန်းရွာ၊ ကနစိကုန်းရွာ၊ သဲဖြူရွာနှင့် ဆားကျက်ရွာစသည့်ကျေးရွာများ တည်ရှိပါသည်။ ရေတံကောင်း-ဆင်မလမ်းပိုင်းရှိ လမ်းနှင့်တံတားများကို အဆင့်မြှင့်တင်ပြီးပါက လမ်းတစ်လျှောက်ကျေးရွာများရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။



ရေတံကောင်းမြို့နှင့် ငဒသဟတ်ဝန်းကျင်အလှအပများ

ရေတံကောင်းမြို့သည် ပုသိမ်ခရိုင်၊ ငပုတောမြို့နယ် အနောက်ဘက်ကမ်းရိုးတန်းတွင် တည်ရှိပါသည်။ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း မိုင်တိုင်(၅၄/၃)ရှိ ရေတံကောင်းတောင်ကျေးရွာ-ရေတံကောင်းလမ်း(လမ်းအရှည် ၁၇မိုင် ၆ဖာလုံ)ဖြင့် ရေတံကောင်းမြို့ကို ဆက်သွယ်ထားပါသည်။ ရေတံကောင်းမြို့သည် ဝ ဒသမ ၇၂ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ ရေတံကောင်းမြို့ကို မြို့ပေါ်ရပ်ကွက် (၂)ခု၊ ကျေးရွာအုပ်စု (၁၁)စု၊ ကျေးရွာပေါင်း ၆ရွာဖြင့် ဖွဲ့စည်းထားသည်။ ရေတံကောင်းမြို့နယ်ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများသည် လယ်/ယာ စိုက်ပျိုးရေးလုပ်ငန်း၊ ပင်လယ်ပြင်နှင့် မြစ်ချောင်းများအတွင်း ပုစွန်သားငါးဖမ်းခြင်း၊ ရေလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပါသည်။ ရေတံကောင်းမြို့အနီးတွင် လှပသော ရေတံကောင်းပင်လယ်အော် (Ngayoke bay)နှင့် ရေတံကောင်းကမ်းခြေစခန်း (Ngayoke beach)ရှိသည်။ ရေတံကောင်းကမ်းခြေအနီးတွင် လှပသောစပယ်းထားကွန်းနှင့် သဘာဝကျောက်ခြေထောက်တို့မှာ ကမ်းခြေအလှနှင့် ထိုက်ဖက်လှပါသည်။ ပုသိမ်မြို့မှတစ်ဆင့် ပင်လယ်ကမ်းခြေအနီးရှိ သာယာလှပသောရေတံကောင်းမြို့သို့ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းမှသွားရောက်နိုင်ပါသည်။ မိုင်တိုင် (၅၄/၃)ရှိ ရေတံကောင်းတောင်ရွာမှ ရေတံကောင်းမြို့သို့ ဆိုင်းဘုတ်အတိုင်းမောင်းသွားလျှင် ရေတံကောင်းမြို့သို့ရောက်ပါမည်။ လမ်းအရှည် ၁၇မိုင် ၆ဖာလုံခရီးရှိပြီး အကွေ့အကောက် တောင်တက်လမ်းအတိုင်း မောင်းရပါသည်။ တောင်ထိပ်ရောက်သည့်အခါ အဝေးတွင်ရေတံ ကောင်းမြို့ပတ်ဝန်းကျင်ရှိ ပြာလဲ့လဲ့ပင်လယ်ပြင်ကြီး၊ စိမ်းရင့်ရင့်အုန်းတောကြီးများ၊ ညီမျှော်ငင် မျှော် ကျောက်ဆောင်တန်းတွေနှင့် ဝါရွှေရောင်ရွှေဝါစပါးခင်းများကို မြင်တွေ့ရမည်ဖြစ်ပြီး စိတ်ကြည်နူးအေးချမ်းသာယာ ဖွယ်ခံစားရမည် ဖြစ်ပါသည်။



ဂေါ်ရင်ဂျီကျွန်းအလယ် တောင်ထိပ်ရှိ မြဝတီဆေတီရင်ပြင်ထက်မှ ရေတံကောင်း-ရေတံကောင်းတောင်လမ်းမှတစ်ဆင့် ရေဝတီတိုင်းဒေသကြီး တောင်ဘက်အစွန်းရှိ မြတ်မော်တင်စွန်းဘုရားထိ အရောက်သွားနိုင်ကြမည်ဖြစ်သည်။

ချောင်းဝတံတားနှင့်ပတ်သက်သည့် အချက်အလက်များ ချောင်းဝတံတားစီမံကိန်းကို (၁၊ ၃၊ ၂၀၂၀)ရက်နေ့ တွင်စတင်ဆောင်ရွက်ခဲ့သည်။ ချောင်းဝတံတား၏ အပေါ်ထည်အမျိုးအစားမှာ PC Girder, RC Girder & RC Slab ဖြစ်ပြီး တံတားကိုယ်ထည်မှာ သံကွန်ကရစ် (RC Concrete) အမျိုးအစားဖြစ်ကာ တံတား အောက်ခံအုတ်မြစ်မှာ ဘိုးပိုင်အမျိုးအစားဖြစ်သည်။ အရှည်မီတာ (၂၀)ရှိသော တံတားခန်းဖွင့် (၁၂)ခန်း နှင့် အရှည်မီတာ (၃၀)ရှိသော တံတားခန်းဖွင့် (၅)ခန်းပါဝင်ပြီး တံတားအရှည် စုစုပေါင်း ၁၂၈၀မေ (၃၇၀မီတာ)ရှိသည်။ ၂၄လေအကျယ် နှစ်လမ်းသွားတံတားဖြစ်ပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေခြောက်လက်မနှစ်ဖက် ပါဝင်သည်။ ရေလမ်းကင်းလွတ်အမြင့် ၄၀မေနှင့် အကျယ် ၈၄မေရှိ၍ တံတားခံနိုင်ဝန်မှာ ခွင့်ပြုအလေးချိန် (ယာဉ်+ကုန်)တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ (၁၆)မှ တာဝန်ယူတည်ဆောက်နေပြီး ယခုအခါ တံတား တစ်ခုလုံး ၅၀% ခန့်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် (၃၁၊ ၃၊ ၂၀၂၄)ရက်နေ့တွင် တံတားတစ်ခုလုံးပြီးစီးရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။



ချောင်းဝတံတားတည်ဆောက်ပြီးစီးပါက ရရှိမည့်အကျိုးကျေးဇူးများ

ချောင်းဝတံတား တည်ဆောက်ပြီးစီးပါက ရေတံကောင်းမြို့မှ မြောက်ဘက်၊ ရခိုင်ပြည်နယ် ဂွမြို့နယ်အထိ ရေတံကောင်း-ဆင်မ-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-မကျီးဇင်-ကျောက်ချွန်-ဂွကမ်းခြေပတ်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။ ချောင်းဝတံတားစီမံကိန်းမှာလည်း ကမ်းခြေပတ်လမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လာမည်ဖြစ်၍ ကမ်းခြေပတ်လမ်းနှင့် ချောင်းဝတံတားသစ် ဆောင်ရွက်ပြီးစီးပါက ရေတံကောင်းတောင်ဘက်ပိုင်းရှိ ဂေါ်ရင်ဂျီကျွန်းမှ ရခိုင်ပြည်နယ် ဂွမြို့ ကမ်းသာယာကမ်းခြေ၊ သဲတွဲမြို့ ပေလီကမ်းခြေအထိ တစ်ဆက်တည်းသွားလာနိုင်မည်ဖြစ်သည်။



သဘာဝအလှအပများနှင့် ပြည့်စုံစေသောဂေါ်ရင်ဂျီကျွန်း

ဂေါ်ရင်ဂျီကျွန်းသည် ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ရေတံကောင်းမြို့ နုံသာပုကျေးရွာအနီးတွင် တည်ရှိပါသည်။ ကြည်လင်သန့်ရှင်းလှသော အပြာရောင်ပင်လယ်ပြင်၊ တစ်မူထူးခြားသည့် ကျောက်မိုး၊ ကျောက်ဆိုင်ကျောက်ခဲကျောက်များ စသည့်သဘာဝအလှအပများနှင့် ပြည့်စုံလှသော ဂေါ်ရင်ဂျီကျွန်းဖြစ်သည်။ ရန်ကုန်မြို့နှင့်ပုသိမ်မြို့တို့မှ ရေတံကောင်းမြို့သို့ ကားဖြင့်သွားရောက်နိုင်ပြီး ထိုမှတစ်ဆင့် ကျွန်းရှိရာသို့ စက်လေဖြင့်အချိန်ခဏအတွင်း သွားရောက်နိုင်သည်။ ဆင်မ၊ ငွေဆောင်၊ ချောင်းသာကမ်းခြေများမှတစ်ဆင့် ရေကြောင်း၊ ကုန်းကြောင်းဖြင့်လည်း သွားရောက်လည်ပတ်နိုင်ပါသည်။ ဂေါ်ရင်ဂျီကျွန်းအလယ် တောင်ထိပ် တွင်ကြည်ညိုဖွယ် မြဝတီဆုတောင်းပြည့်စုံစေတီတော်တည်ထားပါသည်။ တောင်ထိပ်ပေါ်ရှိ မြဝတီစေတီရင်ပြင်ထက်မှ



ရေတံကောင်းမြို့နှင့် ဂေါ်ရင်ဂျီကျွန်းကိုသက်သွယ်သည့် ချောင်းဝတံတားတည်ဆောက်ခြင်းစီမံကိန်း

ချောင်းဝတံတားသည် ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ရေတံကောင်းမြို့နှင့်ဂေါ်ရင်ဂျီကျွန်း ဆက်သွယ်ထား သောလမ်းပေါ်ရှိ ချောင်းဝမြစ်ကိုဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။ ရေတံကောင်းမြို့မှ မြောက်ဖက် ပိုင်း ရခိုင်ပြည်နယ် ဂွမြို့နယ်အထိ ရေတံကောင်း-ဆင်မ-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-မကျီးဇင်-ကျောက်ချွန်-ဂွ-ကမ်းခြေပတ်လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။ ချောင်းဝတံတားစီမံကိန်းမှာလည်း ကမ်းခြေပတ်လမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လာမည်ဖြစ်၍ ကမ်းခြေပတ်လမ်းနှင့် ချောင်းဝတံတားသစ် ဆောင်ရွက်ပြီးစီးပါက ရေတံကောင်းတောင်ဘက်ပိုင်းရှိ ဂေါ်ရင်ဂျီကျွန်းမှ ရခိုင်ပြည်နယ် ဂွမြို့ ကမ်းသာယာကမ်းခြေ၊ သဲတွဲမြို့ ပေလီကမ်းခြေအထိ တစ်ဆက်တည်းသွားလာနိုင်မည်ဖြစ်သည်။ ဂေါ်ရင်ဂျီကျွန်းသည် တောင်မြောက်အလျား ၃ပိုင်ခန့်၊ အရှေ့အနောက်အကျယ် ပိုင်ဝက်ခန့်ရှိပြီး ပင်လယ်အတွင်းသို့ ပို့ဆွဲသဏ္ဌာန်ကမ်းခြေနှစ်ဘက်နှင့် သဘာဝကျောက်ဆိုင်ကျောက်သားများဖြင့် သာယာလှပသော ကျွန်း တစ်ကျွန်းဖြစ်သည်။ ဂေါ်ရင်ဂျီကျွန်း၏ အနောက်ဘက်တွင် ပင်လယ် ရေကြည်လင်လှပသော လိပ်ခိုင်ရှိသည်။ ကျွန်း၏ပင်လယ်ဘက်ကမ်းစပ်တွင် ထူးဆန်းလှပသောကျောက်မိုးခိုး ကျောက်နံရံကြီး သဘာဝအတိုင်း တည်ရှိပါသည်။ ဟင်္သာချိုင်တွင် ကဏန်းလေးများ၏ ညီညာစွာကျစ်ထားသော ကျစ်ဆံလေးများနှင့်လှပနေသော ပင်လယ်သောင်စပ်ကို တွေ့ရမည်ဖြစ်သည်။ လာရောက်လည်ပတ်သူများ အပန်းဖြေပင်လယ် ရေချိုးနိုင်ရန် အေးချမ်းသာယာသော ရေစမ်းချိုင်ရေစုရာလည်းရှိသည်။ ကျွန်း၏တောင်ဘက်အစွန်တွင် ပန်းကန်သိုက်တည်ရှိသည်။ သဘာဝ အလှတရားတွေ့ သဘာဝအတိုင်း ယိုယွင်းပျက်စီးမှုမရှိပဲ သဘာဝကျောက် ပြွတ်ကျွန်းဖြစ်ပါသည်။ လှပတဲ့ပင်လယ်ရှုခင်းများနှင့် ကျောက်ဆောင်၊ ကျောက်ပိုးကျောက်သားများကြောင့် ကိုယ်စိတ်နှစ်ဖြာ အပန်းဖြေစေ နိုင်ပါသည်။ ရိုးသားပြီးဧည့်ဝတ် ကျေပွန်ပြုမွှေဖော်ရွေသော ဒေသခံ တိုင်းရင်းသားပြည်သူတွေကြောင့် စိတ်ချမ်းသာကျေနပ်ပေါ့ရွှင်မှုရရှိမ ည်ဖြစ်သည်။ သဘာဝအတိုင်း လှပ လျက်ရှိသော ရေတံကောင်းမြို့၊ နုံသာပုကျေးရွာအနီးရှိ ဂေါ်ရင်ဂျီကျွန်းသို့ စွန့်စားသွားလာလိုသူများ နှင့် အပန်းဖြေသူများအတွက် ခရီးသွားလာ လေ့လာလည်ပတ်သင့်သော နေရာကောင်းတစ်ခုဖြစ်ပါသည်။

aqmuvya&;0e!u;Xmewwm;0;p;Xme? wnaqmua&;tz (4) &eue Open Tender ac:,|ci;

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက် ရေးအဖွဲ့(၄)မှ တနင်္သာရီတိုင်းဒေသကြီးအတွင်း တာဝန်ယူတည်ဆောက်လျက်ရှိသော ထားဝယ်-ကမြောင်ကင်း-လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတား၊ မင်းသန်း-မောင်းလှော်ကျေးလက် လမ်းပေါ်ရှိ မင်းသန်း-မောင်းလှော် တံတား၊ အရှေ့လယ်သစ်-အနောက်လယ်သစ်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှေ့လယ်သစ်-အနောက်လမ်းသစ်တံတားတို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး/ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ သယ်ပို့ခြင်း၊ စက်/ယာဉ်များငှားရမ်းခြင်းတို့ကို မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါသည်။

၂။ Coronavirus Disease 2019 (COVID-19)ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်စေရန် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အားဆောင်ရွက်မည်ဖြစ်ပါသည်။

(u) 0,,rnypn;rm; - Ready Mixed Concrete, J/Wood, 2mm thick Thin Sheet, Anti Corrosion Paint For Reinforcing Steel Bar, H.S.D, Premium H.S.D, Cement, Chipping, Sand, Oxygen

(c) o,,yaqmia&;ypn;rm; - M.S Rod, Cement

(*) in;&r;rn pu^,mOrm; - Ton 1200 Working Barge, Z-Craft, တွန်းသင်္ဘော

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို (၁-၄-၂၀၂၂)မှ (၂၀-၄-၂၀၂၂) အထိ ရုံးချိန်အတွင်းတည်ဆောက်ရေးအဖွဲ့ (၄)ရုံး၊ ဘုရင့်နောင်တံတားအမှတ် (၂) ရန်ကုန်မြို့ (ဖုန်း-၀၉-၄၂၄၆၈၀၈၇)နှင့် ကမြောကင်းတံတားစီမံကိန်း ရှင်းလင်းဆောင် (ဖုန်း-၀၉-၄၄၀၇၈၆၅၉) တို့တွင် ဝယ်ယူနိုင်ပါသည်။ Open Tender ဖွင့်ပွဲရက်အပြောင်းအလဲရှိပါက ထပ်မံအကြောင်းကြားပါမည်။

(C) wi'|zirn &u^tce - 22-4-2022? aevn 13;00 em&

(i) wi'|pppa&;cs,rn ae&m - uajrmui;www;prue; &i;vi;aqmixm;0,|r|/

တင်ဒါကောင်မတီ

aqmuvya&;0e!u;Xmevr;0;p;Xme? wnaqmua&;(4) vr;tx|;tz(1) (twziwi'| ac:,|ci;) wi'|trw 1^2022-2023

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၄) လမ်းအထူးအဖွဲ့(၁)မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများတွင်အသုံးပြုမည့် စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာ (ကျပ်)ငွေဖြင့်ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(u) wi'|yp pwia&mi;crn&u

၁၉-၄-၂၀၂၂ ရက် (ရုံးချိန်အတွင်း)

(c) wi'|ywrn ae&u^tce

၃-၅-၂၀၂၂ ရက် (ရုံးချိန်အတွင်း)

(*) wi'|tiu&i;vi;rn&u (Pre bidding)

၂-၅-၂၀၂၂ ရက်

(C) wi'|zirn ae&u^tce

၅-၅-၂၀၂၂ ရက်၊ နံနက် ၉း၃၀ နာရီ

(i) wi'|zirn ae&m^ze;

လမ်းအထူးအဖွဲ့(၁)ရုံးခန်းမ၊ နမ္မတီးမြို့

၀၉-၄၇၀၅၁၉၇၆

၂။ တင်ဒါစည်းမျဉ်းစည်းကမ်း၊ တင်ဒါပုံစံနှင့် အသေးစိတ်အချက် အလက်များကို လမ်းအထူးအဖွဲ့(၁)ရုံး၊ နမ္မတီးမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။ Coronavirus Diesease 2019 (COVID-19) ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁)

aqmuvya&;0e!u;Xme vr;0;p;Xme? wnaqmua&;(2)? vr;tx|;tz(23) weom&wi;a'o!u;? xm;0,|r| wi'|trwp0 (1^2022-2023) twziwi'|ac:,|ci;

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့(၂၃)၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင်အသုံးပြုမည့် စံချိန်စံညွှန်းမီအရည်အသွေး ပြည့်ဝသောလုပ်ငန်းသုံးပစ္စည်းများအား မြန်မာ (ကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

(u) wi'|av|muvm pwia&mi;crn&u

၁-၄-၂၀၂၂ ရက်

(c) wi'|av|muvmywrn &u^tcce

၁၉-၄-၂၀၂၂ ရက်၊ ၁၅း၀၀ နာရီ

(*) wi'|ziyusi;yrn &u^tcce

၂၁-၄-၂၀၂၂ ရက် နံနက် ၀၉း၀၀ နာရီ

(C) wi'|ziyusi;yrn ae&m

ဒုတိယညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၃)၊ ထားဝယ်မြို့

(i) quo,ppr;Eion ze;eyiw

၀၉-၆၈၇၉၂၀၂၈၃၊ ၀၉-၉၅၃၃၂၀၁၄၂၆

၂။ တင်ဒါစည်းမျဉ်းစည်းကမ်း၊ တင်ဒါပုံစံနှင့် အသေးစိတ်အချက် အလက်များကို အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

တည်ဆောက်ရေး (၂)၊ လမ်းအထူးအဖွဲ့ (၂၃)

aqmuvya&;0e!u;Xme vr;0;p;Xme? wnaqmua&;(2)? vr;tx|;tz(24) wi'|trwp0 (1^2022-2023)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေးလမ်းအထူးအဖွဲ့ (၂၄)၊ မြိတ်မြို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုမည့် စံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

(u) wi'|yppwia&mi;crn &u

၄-၄-၂၀၂၂ ရက်

(c) wi'|ywrn &u^tcce

၂၅-၄-၂၀၂၂ ရက်၊ ၁၂း၀၀ နာရီ

(*) wi'|zirn &u^tcce

၂၆-၄-၂၀၂၂ ရက်၊ ၀၉း၀၀ နာရီ

(C) wi'|zirn ae&m

လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့

၂။ တင်ဒါပုံစံနှင့်စည်းမျဉ်းစည်းကမ်းများ အသေးစိတ်အချက် အလက်များအားသိရှိလိုပါက လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၂၄)၊ မြိတ်မြို့၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ရုံးဖုန်း-၀၉-၄၂၀၇၁၈၂၅၅၊ ၀၉-၄၅၂၂၀၆၇၃၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့

aqmuvya&;0e!u;Xme vr;0;p;Xme xm;0,c½i (1^2022-2023) twziwi'|ac:,|ci;

၁။ လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အဦလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

(u) wi'|av|muvm pwia&mi;crn&u

၃၀-၃-၂၀၂၂ ရက်၊ (ရုံးချိန်အတွင်း)

(c) wi'|av|muvmywrn &u^tcce

၁၈-၄-၂၀၂၂ ရက်၊ နေ့လည် ၂း၀၀ နာရီ

(*) wi'|ziyusi;yrn ae^tcce

၂၀-၄-၂၀၂၂ ရက် နံနက် ၁၁း၀၀ နာရီ

(C) wi'|ziyusi;yrn ae&m

ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့

(၀၅၉-၂၁၀၂၃)

(၀၉-၇၉၈၃၃၉၀၄၂)

(၀၉-၄၂၀၇၂၄၅၅၁)

ppui;wi;a'o&u;ü Irkjyeitr&mz lz&;a&;u wnaqmuay;caom

0exr;tr&mei ti;^ta&mi;jynotr&mrsm;

aqmi;yg; - c&r;p;jri

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် အကျယ်ဝန်းဆုံးတိုင်းဒေသကြီးဖြစ်ပြီး သစ်တော၊ သယံဇာတပြည့်စုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကျယ်ပြန့်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်သော ဒေသကြီးဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ ပေါများရာဒေသလည်းဖြစ်သည်။

တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် နေရေးအဆင်ပြေစေရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ၁၉၅၁ခုနှစ်မှစတင်၍ ရွှေဘိုမြို့တွင် (၁) ထပ်ပြည်သူ့အိမ်ရာ အဆောက်အအုံ (၁၉၉)လုံး ဆောက်လုပ်ခြင်းဖြင့် ရှေးဦးပထမအိမ်ရာကဏ္ဍ စတင်ခဲ့သည်။ ၎င်းနောက် စစ်ကိုင်းမြို့တွင် (၆) ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာကို ၁၉၆၇ခုနှစ်မှ စတင်ဆောက်လုပ်၍ နိုင်ငံ့ဝန်ထမ်းများ၏ နေရေးအားဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၎င်းအပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ရွှေဘိုမြို့နှင့်စစ်ကိုင်းမြို့တို့၌ မြို့နယ်ဦးစီးမှူးရုံးအဆင့်၊ ၂၀၁၁ခုနှစ်တွင် တိုင်းဒေသကြီးဦးစီးမှူးရုံးအဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၅ခုနှစ်မှစတင်၍ ညွှန်ကြားရေးမှူးရုံးအဆင့် တည်ထောင်နိုင်ခဲ့သည်။ ထို့နောက် နာဂကိုယ်တိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးမှူးရုံးအား ၂၀၁၈ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ခုနှစ်၊ ဧပြီလ ၁ရက်နေ့တွင် ရွှေဘို/ကလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတို့အား တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ရည်မှန်းချက်ဖြစ်သော မြို့ပြနှင့်အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေး၊ ဘေးကင်းလုံခြုံသော၊ သာယာလှပသော၊ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေသော ပုံစံစနစ်တစ်ခု ပေါ်ထွန်းရေး၊ နိုင်ငံသားအားလုံး လူနေမှုဘဝမြှင့်တင်စေနိုင်မည့် သင့်လျော်သောအိမ်ရာများတွင် နေနိုင်စေရေးအတွက်တို့ကို ရည်ရွယ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၌ အိမ်ရာကဏ္ဍနှင့် မြို့ပြကဏ္ဍတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း(၃၇)မြို့တွင် ပြည်သူ့အဌားအိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများ၊ ပြည်သူပိုင်အိမ်ခန်းများနှင့် မြို့ပြ(လခရ) အဆောက်အအုံများကို ထိန်းသိမ်းစီမံခန့်ခွဲပြီး နေရေးအဆင်ပြေစေရေးအတွက် အိမ်ခန်းများကို နေရာချထားပေးလျက်ရှိသည်။







0exr;tr&mrsm; wnaqmujci;

တိုင်းဒေသကြီးအတွင်း ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းအိမ်ရာတည်ဆောက်ထားရှိမှု အခြေအနေမှာ (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် (၈၇၁ဒသမ ၄၀၀သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ (၃) လုံး၊ (၂၀၁၃-၂၀၁၄)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်(၈၄၂ဒသမ ၃၀၀၀သန်း)ဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ (၃)လုံး၊ (၂၀၁၄-၂၀၁၅)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်(၃၅၉ဒသမ ၇၇၀သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၁၄)လုံးနှင့် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် (၆၄၂ဒသမ ၁၀၃သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ (၃)လုံး၊ (၂၀၁၅-၂၀၁၆)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၏ ခွင့်ပြုရန်ပုံငွေ ကျပ် (၁၁၃၃ဒသမ ၆၂၈သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၃၉)လုံး၊ (၂၀၁၆-၂၀၁၇)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်(၁၁၀၇ဝဒသမ ၂၀သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၄၈)လုံး၊ (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်(၅၅၇ဒသမ ၇၅၄သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၂၆)လုံး၊ (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်(၅၂၉ဒသမ ၅၀၀သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၂၀)လုံး၊ (၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် (၅၇၅ဒသမ ၇၀၀သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ (၁၇)လုံး၊ (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် (၅၉၁၉ ဒသမ ၅၂၅သန်း)ဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ (၁၂)လုံးအပါအဝင် ဘဏ္ဍာနှစ်(၉) နှစ်အတွင်း ဝန်ထမ်းအိမ်ရာအဆောက်အအုံ စုစုပေါင်း (၁၈၅)လုံးဆောက်လုပ်ခဲ့ပြီးဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံဝန်ထမ်းများ နေရေးအဆင်ပြေ၍ နိုင်ငံတာဝန်များကို စိတ်အေးချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီးအတွင်း မြို့ပေါင်း(၄၂)မြို့တွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံ စုစုပေါင်း (၂၃၀)လုံး အခန်းပေါင်း (၃၁၂၆)ခန်းအား ဆောက်လုပ်၍ စီမံခန့်ခွဲလျက်ရှိသည်။ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အထိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ ဆောက်လုပ်ပြီးအိမ်ရာများအားအခြေခံ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပေးပို့လာသော အိမ်ရာစစ်တမ်းများအရ စိစစ်ရာတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်ပြီး အိမ်ခန်းပေါင်း(၃၁၂၆)ခန်း၊ အခြားဌာနများမှ ဆောက်လုပ်ပြီးအခန်းပေါင်း (၁၂၀၀၇)ခန်း၊ စုစုပေါင်း (၁၅၁၃၃)ခန်းရှိပြီး တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းဦးရေမှာ (၁၀၅၄၇၄)ဦးခန့်ရှိသည်။ အဆိုပါလိုအပ်ချက်များအား နှစ်စဉ်ဦးစားပေးကဏ္ဍအလိုက် နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်း၍ ဘဏ္ဍာငွေတောင်းခံပြီး ဝန်ထမ်းအိမ်ရာများအား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ထမ်းအိမ်ရာစခန်းများတွင် နေထိုင်သူ နိုင်ငံ့ဝန်ထမ်းများ လုံခြုံစိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက် အိမ်ရာစခန်းအား ဥပတိရုပ်ကောင်းမွန်အောင် ဆောင်ရွက်ထားရှိရာ ဝင်းခြံစည်းရိုး၊ ဂိတ်တံခါး၊ ရေနူတ်မြောင်း၊ မြောင်းကူးတံတားများ ထည့်သွင်းတည်ဆောက်ထားရုံမျှသာမက ကျန်းမာရေးအထောက်အကူပြု အားကစားလေ့ကျင့်ရေးပစ္စည်းများ၊ ဓမ္မာရုံ၊ ပန်းခြံများ ဆောက်လုပ်ထားပြီဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီးရုံးစိုက်ရာ မုံရွာမြို့၊ နန္ဒာဝန်ဝန်ထမ်းအိမ်ရာတွင် အဆောက်အအုံ(၃၅)လုံး အခန်းပေါင်း(၇၁၂)ခန်းရှိပြီး သောက်ရေသန့် အဆင်ပြေလွယ်ကူစွာ သုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်ဒါန်းသော ရေသန့်စက်(၁)လုံးလျှင် (၁)နာရီ(၂၀)လီတာဘူး (၁၅)ဘူးခန့်ဖြင့် (၁)နာရီ(၃၀၀)လီတာထွက်ရှိသည့် ရေသန့်စက်(၃)လုံးအား (၈. ၂. ၂၀၂၂)ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ ဖွင့်ပွဲကျင်းပပြုလုပ်ပေးခဲ့သဖြင့် ယခုအခါ ဝန်ထမ်းပြည်သူများ သောက်သုံးရေပြည့်ဝစွာ သုံးစွဲခွင့်ရရှိနေပြီဖြစ်သည်။

jynotr&mrsm; wnaqmujci;

နိုင်ငံတစ်ဝန်း လူထုလူတန်းစားမရွေး နေထိုင်ရေးအဆင်ပြေနိုင်စေရန်ရည်ရွယ်၍ ဆောက်လုပ်ဆောင်ရွက်ခဲ့သော ပြည်သူ့အဌားအိမ်ရာများသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုအရ ကိုယ်ပိုင်အိမ်မရှိသော (အငြိမ်းစားဝန်ထမ်းများ၊ လုပ်သက်(၂၅)နှစ်အထက် ဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများ) နေရေးအခက်အခဲ အဆင်ပြေစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးသော အိမ်ရာများဖြစ်ပါသည်။ တိုင်းဒေသကြီးအတွင်း (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်တွင် မုံရွာမြို့၌ (၁၂)ခန်းတွဲ (၅)ထပ် (၂)လုံး အခန်းပေါင်း(၁၂၀)ခန်း၊ ရွှေဘိုမြို့၌ (၁၂)ခန်းတွဲ (၅)ထပ် (၂)လုံး အခန်းပေါင်း(၁၂၀) ခန်းကိုလည်းကောင်း၊ (၂၀၁၆-၂၀၁၇)ဘဏ္ဍာနှစ်တွင် မုံရွာမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (၄၈)ခန်း၊ စစ်ကိုင်းမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၂)

pmrsuEm (15)o →



tar&ue-zvpyi tBu;pm;y;wppa&; avusirpwi

ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ၎င်းတို့၏အကြီးစားနှစ်ပတ်လည် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အရှေ့တောင်အာရှနိုင်ငံတွင် မတ် ၂၈က စတင်ခဲ့ကြသည်။

Balikatan-2022 ဟု လျှို့ဝှက်နာမည်ပေးထားသည့် စစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၃၈၀၀နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၅၁၀၀၀တို့ပါဝင်ကြသည်။ ထို့ပြင်ဒေသတွင်း လက်နက်ကိုင်တပ်ဖွဲ့အမျိုးမျိုးမှ လေ့လာသူများ တက်ရောက်ကြသည်။ ၂၀၁၅ ခုနှစ်မှ စတင်ခဲ့သည့် ဖိလစ်ပိုင်-အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၏ အကြီးမားဆုံးလုပ်ငန်းစဉ်တစ်ခုကို ပြန်လည်ဖော်ဆောင်သည့်အနေဖြင့် ယခုစစ်ရေးလေ့ကျင့်မှုကို မတ် ၂၈မှ ၎ပြီ ဧရက်နေ့အထိ လူဇွန်ကျွန်းမကြီးအနှံ့ပြုလုပ်သွားမည်ဖြစ်သည်။

ဖိလစ်ပိုင်စစ်ဘက်၏ အဆိုအရ စစ်ရေးလေ့ကျင့်မှုများသည် ပင်လယ်ရေကြောင်းလုံခြုံရေး၊ ကုန်းရေနှစ်ထွေစစ်ဆင်ရေးများ ကျည်အစစ်ဖြင့်လေ့ကျင့်မှု၊ မြို့ပြစစ်ဆင်ရေး၊ လေကြောင်းစစ်ဆင်ရေးများ၊ အကြမ်းဖက်တိုက်ခိုက်မှု တန်ပြန်ခြိမ်နင်းရေး၊ လူသားချင်းစာနာမှုဆိုင်ရာအကူအညီနှင့် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများအပေါ် အာရုံစိုက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင်သဏ္ဌာန်လုပ် သရုပ်ဆောင်လေ့ကျင့်မှုတစ်ရပ်တွင် နှစ်နိုင်ငံတပ်ဖွဲ့များ၏ စီမံကွပ်ကဲမှုနှင့်ဆက်သွယ်မှုစွမ်းရည်ကို စမ်းသပ်မည့်လေ့ကျင့်မှုတစ်ရပ်လည်းပါဝင်သည်။

ဘာလီကန်တန် (Balikatan)၏ အဓိပ္ပါယ်မှာ ပခုံးချင်းယှဉ်၍၊ ရင်ပေါင်တန်းလျက်ဆိုသော အဓိပ္ပာယ်ဖြစ်သည်။ Balikatan -2022 သည် ပုံမှန်ပြုလုပ်နေကျ အမေရိကန်-ဖိလစ်ပိုင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများအနက် အပြည့်စုံဆုံး၊ အကျယ်ပြန့်ဆုံးဖြစ်သည်။ အလည်အပတ်ရောက်လာသော တပ်ဖွဲ့များသဘောတူညီချက် (VFA)အရ အမေရိကန်တပ်ဖွဲ့များသည် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှုများအတွက် ဖိလစ်ပိုင်နိုင်ငံတွင် တည်ရှိခွင့်၊ အမေရိကန်တပ်ဖွဲ့များ၏ စီမံခန့်ခွဲမှုကို စိုးမိုးခွင့်ရှိသည်။

Ref : Xinhua

Nir;csr;a&;aq;aE;yrsm;u taemutypu Bu*qjci;r&[½&m;Eiijcm;a&;0eBu; a0zeajymum;

ယူကရိန်းပဋိပက္ခနှင့်ပတ်သက်ပြီး ရုရှားက သံတမန်ရေးနည်းလမ်းကိုအသုံးပြုရန် စိတ်အားထက်သန်ပါကြောင်း သို့သော် ယူကရိန်းပဋိပက္ခတွင် ကြားဝင်စေ့စပ်နေကြသော အနောက်နိုင်ငံများက သံတမန်နည်းလမ်းကိုလက်မခံကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗရော့ဗ်က ပြောကြားလိုက်သည်။

"ကျွန်တော်တို့ဘက်က သံတမန်ရေး ကို အခွင့်အရေးပေးဖို့ အသင့်ဖြစ်နေပါတယ်။ ဒါကြောင့်လည်း အစ္စတန်ဘူလ်မြို့ မှာ ပြန်လည်စတင်နေတဲ့ ဆွေးနွေးပွဲတွေကို ကျွန်တော်တို့က လက်ခံခဲ့တာဖြစ်ပါ တယ်"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ရုရှား၊ ယူကရိန်းနှစ်နိုင်ငံလုံးနှင့် ဆက်ဆံရေးကောင်းမွန်သည့် တူရကီနိုင်ငံသည် နှစ်ဖက်စလုံးဆွေးနွေးပွဲ စားပွဲဝိုင်းသို့ရောက်လာစေရန် ကြိုးကြိုးမားမားကြိုးပမ်းခဲ့သည်ဟု ဆာဂျီလာဗရော့ဗ်ကပြောသည်။ ပဋိပက္ခတွင် ယူကရိန်းကိုထောက်ခံသော ဥရောပသမဂ္ဂနှင့်အမေရိကန်ပြည်ထောင်စုတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန်မလိုအပ်ကြောင်းလည်း ၎င်းကဆိုသည်။

"အနောက်မိတ်ဖက်နိုင်ငံတွေက အသွားအပြန်လွန်ထိုးနေတဲ့ သံတမန်နည်းလမ်းကို ကျွန်တော်မတွေ့မြင်လိုတော့ပါဘူး။ သူတို့အဲဒီလို ဟိုသွားဒီသွားလုပ်ပြီး စေ့စပ်ဖျန်ဖြေခဲ့ကြပါတယ်။ ၂၀၁၄ ဖေဖော်ဝါရီလတုန်းက ယူကရိန်းမှာလုပ်ခဲ့ကြတာပဲ။ ၂၀၁၅ ဖေဖော်ဝါရီလတုန်းကလည်း ဖင့်စ်မာလုပ်ခဲ့ကြတာပဲ"ဟု ဆာဂျီလာဗရော့ဗ်က ဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းသမ္မတဟောင်း ဗစ်တာယာနူကိုဗစ်ချ်နှင့် ဆန္ဒပြသူများအကြား သဘောတူ ညီချက်အရရှိရှန် ဥရောပသမဂ္ဂက အာမခံပေးခဲ့ကြောင်း ၎င်းကပြောသည်။ "အဲဒီကိစ္စ ဟာ အထွတ်အထိပ်သံတမန်နည်းလမ်းပါပဲ။ ဒါပေမဲ့ နောက်တစ်နေ့မှာ အတိုက်အခံက အဲဒီသံတမန်ခင်းကို ဒေါသပေါက်ကွဲခဲ့ကြပါတယ်"ဟု ၎င်းကဆိုသည်။

ဟာနူကိုဗစ်ဖြတ်ချခံရကာ နိုင်ငံမှ ထွက်ပြေးသွားပြီးနောက် ယူကရိန်းအစိုးရသစ်က နိုင်ငံအရှေ့ပိုင်းရှိ ဒိုးနက်နှင့်လူ ဟန်ဒေသများသို့ စစ်တပ်စေလွှတ်ခဲ့သည်။ အဆိုပါဒေသနှစ်ခုမှ ပြည်သူအများစုက ယူကရိန်းအစိုးရသစ်အား အသိအမှတ်ပြုရန် ငြင်းဆိုခဲ့ကြသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း ခွဲထွက်ဒေသနှစ်ခုနှင့် ယူကရိန်းအစိုးရတို့သည် မင့်စ်သဘောတူညီချက် အမှတ်-၁ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

Ref: Reuters

v| 3'or 9oe;e;yg; ,lu&e;rxuajy;c&aumi; uvor*xwjye

လွန်ခဲ့သောတစ်လခန့်က ရုရှား၏ ကျူးကျော်မှုစတင်ခဲ့ချိန်မှစပြီး လူပေါင်း ၃ဒသမ ၉သန်းနီးပါး ယူကရိန်းနိုင်ငံမှ ထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂက မတ်လ ၂၈ တွင်ထုတ်ပြန်သည်။ ယင်းသို့ ဒုက္ခသည်များ ထွက်ပြေးမှုသည်အရှိန်နှေးကွေးနေသည်ဟု ကုလသမဂ္ဂကပြောသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR)က ယူကရိန်းနိုင်ငံသား ၃၈၆၂၉၉ဦး တိုင်းပြည်မှထွက်ပြေးခဲ့ကြောင်း မတ်လ ၂၇ရက်နေ့တွင် ထပ်မံရောက်ရှိလာသူ ၄၁၇၄၈ဦးရှိပြီး ဒုက္ခသည်အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်း ပြောကြားသည်။

ဒုက္ခသည်များအနက် ၂ဒသမ ၂သန်းသည် ပိုလန်နိုင်ငံသို့ ထွက်ပြေးခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ဒုက္ခသည်သန်း၀က်ခန့်သည် ရူမေးနီးယားနိုင်ငံသို့ ထွက်ပြေးသွားကြောင်း၊ ရုရှားနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူ စုစုပေါင်း ၃၀၀၀၀၀ နီးပါးခန့်ရှိကြောင်း UNHCR က ထုတ်ပြန်သည်။

လွန်ခဲ့သောတစ်လ အကျပ်အတည်းတစ်မဖြစ်ပွားမီက နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ပိုလန်နိုင်ငံသည် ယူကရိန်းဒုက္ခသည် ၁ဒသမ ၅သန်းခန့်ကို လက်ခံထားခဲ့သည်။ ဖေဖော်ဝါရီ ၂၄ရက် ကျူးကျော်မှုမစမီ အဓိုးရထိန်းချုပ်မှုအောက်ရှိ ဒေသများတွင် လူဦးရေ၏လေးပုံတစ်ပုံဖြစ်သော လူ ၁၀သန်းကျော်တို့သည် ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးခဲ့ကြသည်။ ယင်းတို့တွင် ပြည်တွင်း၌နေရပ်စွန့်ခွာထွက်ပြေးသူ ၆ဒသမ ၅သန်း အပါအဝင်ဖြစ်သည်။

ယူကရိန်းဒုက္ခသည် အကျပ်အတည်းသည် ဒုတိယကမ္ဘာစစ်မှစပြီး ဥရောပ၏ အဆိုးရွားဆုံးဒုက္ခသည် ပြဿနာဖြစ်သည်။ ကုလသမဂ္ဂကလေးများဆိုင်ရာအေဂျင်စီ (UNICEF)က ယူကရိန်းနိုင်ငံ၏ ကလေး ၇ဒသမ ၅သန်းအနက် ၄ဒသမ ၃သန်းသည် ၎င်းတို့၏နေအိမ်များကို စွန့်ခွာခဲ့ရကြောင်း၊ ကလေး ၁ဒသမ၅သန်းသည် ဒုက္ခသည်များဖြစ်လာကြပြီး နောက်ထပ် ၂ဒသမ၅သန်းမှာ စစ်ကြောင့် ကြေမွနေသော သူတို့တိုင်းပြည်အတွင်း၌ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ပြောကြားခဲ့သည်။

Ref : AFP

cmEbi;pu½te; pprZejy*vy&e ,lu&e;uuvor*u wuwe;



ချာနိုဘိုင်းနျူကလီးယားမာတ်အားပေးစက်ရုံအနီးတစ်ဝိုက်ကို စစ်မဲ့ဒုန်အဖြစ်လုပ်ဆောင်ရန် ယူကရိန်းအစိုးရက ကုလသမဂ္ဂအား ပြောကြားထားကြောင်း ယူကရိန်းအစိုးရကွပ်ကဲသော သတင်းအေဂျင်စီက မတ်လ ၂၈တွင်ဖော်ပြသည်။

"ချာနိုဘိုင်းနျူကလီးယားစက်ရုံအနီးတစ်ဝိုက် သီးသန့်စစ်မဲ့ဇုန်တစ်ခုချက်ချင်းသတ်မှတ်ဖို့နဲ့ ချာနိုဘိုင်းနျူကလီးယား ဘေးဆိုးကြီးထပ်မံဖြစ်ပွားမည့် အန္တရာယ်ကိုဖယ်ရှားရန် အထူးကုလသမဂ္ဂမစ်ရှင်တစ်ရပ်တည်ထောင်ဖို့ ယူကရိန်းနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီအား တောင်းဆိုထားပါတယ်"ဟု ဒုတိယဝန်ကြီးချုပ် အာညာဗာရီရှချွတ်၏ ပြောစကားကို ကိုးကားလျှက်အစိုးရသတင်းအေဂျင်စီက ဖော်ပြသည်။

လောလောဆယ်တွင် နျူကလီးယားစက်ရုံ ဇေရိယာထဲ၌ စစ်ပြုခြင်းများနှင့် ကျည်ဆန်ပမာဏ အမြောက်အများရှိနေပြီး စက်ရုံ၏အပေါ် ထပ် အဆောက်အအုံများ ထိခိုက်ပျက်စီးမည့် အန္တရာယ်ရှိနေကြောင်း ဒုတိယဝန်ကြီးချုပ်ကပြောသည်။ ချာနိုဘိုင်းနျူကလီးယားစက်ရုံ၏ အမှတ်-၄ ယူနစ်မှာ မူလကပင် ပျက်စီးနေကြောင်း ဗာရီရှချွတ်ကပြောကြားသည်။

မတ်လ ၂၇ရက်နေ့တွင် ယူကရိန်းစုံစမ်းစစ်ဆေးရေး အမျိုးသမီးအရာရှိလိုင်ယူဒီမိလာဒီနီဆိုဗာက စစ်မက်ပြုမှုများကြောင့် ချာနိုဘိုင်းနျူကလီးယားစက်ရုံအနီးတစ်ဝိုက် ဟက်တာ ၁၀၀၀ကျော် တောမီးများ လောင်ကျွမ်းခဲ့ကြောင်းပြောကြားသည်။ ဆက်လက်ပြီး ဒီနီဆိုဗာက ယင်းဒေသတစ်ဝိုက်ကို ရုရှားတပ်ဖွဲ့များထိန်းချုပ်ထားသောကြောင့် ယူကရိန်းမီးသတ်သမားများအနေဖြင့် သွားရောက်နိုင်ခြင်း မရှိကြောင်းပြောသည်။

"ရုရှားသိမ်းပိုက်ရေးတပ်ဖွဲ့များက စက်ရုံအနီးတစ်ဝိုက်ကို သိမ်းပိုက်ထားတဲ့အတွက် မီးကိုအပြည့်အဝထိန်းချုပ်ငြိမ်းသတ်နိုင်ခြင်း မရှိဘူး"ဟု ယူကရိန်းဒုတိယဝန်ကြီးချုပ် ဗာရီရှချွတ်က ပြောသည်။

ကိယက်ဗ်မြို့မှ ကီလိုမီတာ ၁၁၀ခန့် ကွာဝေးသော ချာနိုဘိုင်းနျူကလီးယားစက်ရုံတွင် ၁၉၈၆ခုနှစ် ဧပြီလ ၂၆ရက်နေ့က လူ့သမိုင်းတွင်အဆိုးရွားဆုံး နျူကလီးယားမတော်တဆဖြစ်ရပ်များ အနက်တစ်ခုဖြစ်ပွားခဲ့သည်။

Ref : Xinhua

cpri

yrao;pn;nñwvmon bvm½p - ½&m; quqa&;



ရုရှားက ယူကရိန်းနိုင်ငံအတွင်း စစ်ရေးအရ တိုက်ခိုက်နေသည်ကို အကြောင်းပြုပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ရုရှားသမ္မတဗလာဒီမာ ပူတင်ကို စစ်ရာဇဝတ်ကောင်တစ်ဦးအဖြစ် ပြစ်တင်ရှုတ်ချခဲ့သည်။ ကမ္ဘာ့နိုင်ငံများစွာက ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့ရာ ရုရှားသည်သံတမန်ဆိုင်ရာ အထီးကျန်မှုများနှင့် ကြုံတွေ့နေရသည်။ ရုရှားကယူကရိန်းကို တိုက်ခိုက်ရာတွင် အိမ်နီးချင်းဘီလာရုစ်နိုင်ငံသည် ရုရှားတပ်ဖွဲ့များအား နေရာပေးခြင်း၊ တင့်ကားတပ်ဖွဲ့များ စေလွှတ်ပေးကာ ရုရှားအား အကူအညီပေးခြင်းတို့ကြောင့် အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပနိုင်ငံများက ဘီလာရုစ်နိုင်ငံကို အရေးယူပိတ်ဆို့ခဲ့သည်။ ရုရှားသမ္မတ ပူတင်နှင့် ဘီလာရုစ်သမ္မတလူကာရှန်ကို တို့သည် သူတော်ချင်းချင်း သီတင်းလွှဲလွှေ့ဆိုသလို နဂိုကပင်ရင်းနှီးခင်မင်ကြသူများဖြစ်ကြရာ ယခုကဲ့သို့အနောက်အုပ်စု၏ အရေးယူပိတ်ဆို့မှုများနှင့် ကြုံတွေ့ရခြိန်တွင် ဘီလာရုစ်-ရုရှားဆက်ဆံရေးမှာ နွေးထွေးရာမှ သွေးစည်းညီညွတ်သည့်အဆင့်သို့ ရောက်လာခဲ့သည်။

အစိုးရနှင့်သဘောကွဲလွဲဆန့်ကျင်ကြသော ဘီလာရုစ်နိုင်ငံသားများသည် သူတို့ကိုယ်သူတို့ ဘီလာရုစ်နိုင်ငံတွင် လုံခြုံမှုမရှိကြတော့ဘဲ အဖမ်းခံရမည်ဟု မျှော်လင့်ခဲ့ကြသကဲ့သို့ အနောက်အုပ်စုနိုင်ငံများတွင်သာ ဘေးကင်းလုံခြုံလိမ့်မည်ဟု ယူဆခဲ့ကြသည်။ သို့သော် ၂၀၂၁ ခုနှစ် မေလ ၂၃ ရက်နေ့တွင် အသက် ၂၆နှစ်အရွယ်ရှိ ဘီလာရုစ်ဂျာနယ်လစ်နှင့် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သော ရိုမန်ပရိုတာဆီဗစ်ချ်သည် အီးယူနိုင်ငံတစ်နိုင်ငံဖြစ်သော ဂရိမူအခြားအဖွဲ့ဝင်နိုင်ငံ လစ်သူယေးနီးယားသို့ Ryanair ခရီးသည်တင် ဂျက်လေယာဉ်တစ်စီးဖြင့် စီးနင်းလိုက်ပါလာစဉ် ဘီလာရုစ်အစိုးရ၏ ပြန်ပေးဆွဲခံရသဖြင့် တစ်ကမ္ဘာလုံးအံ့အားသင့်သွားခဲ့သည်။

၄င်းလေယာဉ် ဘီလာရုဉ်လေယိုင်နက်ကို ဖြတ်သန်းကာ ပရိုတာဆီဗစ်ချ်ပြည်ပြေးဘဝဖြင့် နေထိုင်လျက်ရှိသော လစ်သူယေးနီးယားနိုင်ငံတွင်းသို့ ဝင်ရောက်နေချိန်ဖြစ်သည်။ ရုတ်တရက်ဆိုသလို လေယာဉ်ပေါ်တွင် ဗုံးပါလာသည်ဟု လေယာဉ်မှူးကိုပြောလာသည်။ MiG-29 ဂျက်တိုက်လေယာဉ်တစ်စင်းက လေယာဉ်ကိုကြားဖြတ်ရန် ကြိုးပမ်းလာခဲ့သည်။ အနီးဆုံးလေဆိပ်မဟုတ်လည်း ဘီလာရုစ်မြို့တော် မင့်စ်ခ်လေဆိပ်သို့ လေယာဉ်ကိုဆင်းခိုင်းခဲ့သည်။ ဤသို့ဖြင့် ခရီးရောက်မဆိုက်မှာပင် မစ္စတာပရိုတာဆီဗစ်ချ်သည် သူ၏ရည်းစားရုရှားနိုင်ငံသူ ဆိုဖီယာဆာဖီဂါနှင့်အတူ အဖမ်းခံရသည်။

လေယာဉ်ပေါ်တွင် ဗုံးမတွေ့ပေ။ ၄င်းသည် လုပ်ကြံမှုသက်သက်မျှသာဖြစ်သည်။ လွန်ခဲ့သောနှစ် နွေကောက်ပွဲမဟာမှုကိုအကြောင်းပြုပြီး ဘီလာရုစ်လူထုက သမ္မတအလက်ဇန္ဒားလူကာရှန်ကို အားအကြီးအကျယ် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ယင်းကန့်ကွက်ဆန္ဒပြပွဲများကို မစ္စတာ ပရိုတာဆီဗစ်ချ်ဟူးတွဲတာည်ထောင်သော Nexta အင်တာနက်ချန်နယ်က သတင်းယူ၊ ထုတ်လွှင့်ပေးရုံမျှမက ကန့်ကွက်ဆန္ဒပြမှုများဖြစ်အောင် စည်းရုံးခဲ့သည်။ ယခုအခါသူသည် ထောင် ၁၅နှစ်ကျမည့်အခြေအနေနှင့် ကြုံတွေ့နေရသည်။ ဗီဒီယိုကွန်ဖရင့်တစ်ခုတွင် မစ္စတာပရိုတာဆီဗစ်ချ်က သူသည်တရားသဖြင့်သာ ဆက်ဆံခံရကြောင်းပြောသည်။ သို့သော်သူ၏နဖူးပေါ်တွင် အညိုအမဲစွဲနေသည့် ဒဏ်ရာများနှင့် လည်ပင်းကို မိတ်ကပ်ဖို့ထားသည်များကို တွေ့မြင်ရသည်။

အီးယူခေါင်းဆောင်များက ပရိုတာဆီဗစ်ချ်နှင့် သူ၏ချစ်သူကို ပြန်လွှတ်ရန် တောင်းဆိုခဲ့ကြသည်။ ဘီလာရုစ်နိုင်ငံပိုင်လေကြောင်းလိုင်းကို ဥရောပလေဆိပ်များတွင် ဆင်းသက်ခွင့်ပိတ်ပင်ပြီး ၄င်းတို့လေကြောင်းလိုင်းများကိုလည်း ဘီလာရုစ်လေပိုင်နက်အား ရှောင်ရှားရန် အကြပြုခဲ့သည်။ ပြိတိန်ကလည်း အလားတူလုပ်ခဲ့သည်။ ဘီလာရုစ်၏အိမ်နီးချင်း ယူကရိန်းနိုင်ငံကတော့ ပိုမိုပြတ်သားသည်။ ဘီလာရုစ်နိုင်ငံမှ လျှပ်စစ်ဓာတ်အားတင်သွင်းမှုကို ပိတ်ပင်ခဲ့သည်။ ထိုလုပ်ရပ်သည် ယူကရိန်းနိုင်ငံအနေဖြင့် အနောက်အုပ်စုနှင့် တစ်သားတည်းရှိကြောင်း ဖော်ပြရာရောက်သည်။

ပြိတိန်၊ အီးယူနှင့်အမေရိကန်တို့က သမ္မတလူကာရှန်ကို၏ အစိုးရအပေါ် စီးပွားရေးအရေးယူမှုအသစ်များ ချမှတ်ရန်လုပ်နေကြသည်။ ပြည်ပရောက် ဘီလာရုစ် အတိုက်အခံခေါင်းဆောင်များက နိုင်ငံ၏ အဓိကပို့ကုန်များဖြစ်ကြသော ပိုတက်ရှ်နှင့် ရေနံဓာတုပစ္စည်းများအား သပိတ်မှောက်ရန်၊ လူပို့ဂိုလ်တစ်ဦးချင်းအား ခရီးသွားလာမှုပိတ်ပင်ရန်နှင့် ၄င်းတို့ပိုင် ပစ္စည်းဥစ္စာများကို ထိန်းချုပ်ရန်ပြောဆိုကြသည်။ အနောက်အုပ်စုအနေဖြင့် ဘီလာရုစ်နိုင်ငံ ရုရှားနှင့်နီးစပ်သွားမည်ကိုစိုးရိမ်ပြီး အရေးယူမှုများ ပြင်းထန်စွာမလုပ်လျှင် သမ္မတလူကာရှန်ကိုသည် လက်လွတ်စပယ် ပိုလုပ်လာမည်ဟု အတိုက်အခံများကဆိုသည်။ အမှန်မှာ ဘီလာရုစ်သည် ရုရှား၏ဩဇာစက်ကွင်းအတွင်းကျရောက်နေပြီဖြစ်သည်။

ရုရှားအစိုးရက ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။ ရုရှားနိုင်ငံပိုင် ဝါဒဖြန့်ချိရေးချန်နယ် RT အကြီးအကဲမာဂါရီတာဆီမွန်ယမ်က မစ္စတာလူကာရှန်ကို၏ ပင်လယ်ဓားပြဆိုင်ရာကျွမ်းကျင်မှုများကို ချီးကျူးခဲ့သည်။ "ကျွန်ုပ်ဘီလာရုစ်သမ္မတကို ဘယ်တုန်းကမှ မနာလိုမဖြစ်ခဲ့ဖူးဘူး။ ဒါပေမဲ့ အခုကျွန်ုပ်မနာလိုဖြစ်တယ်။ အဖိုးကြီးဟာဒီကိစ္စကို လှလှပပလုပ်ခဲ့တယ်"ဟု ၄င်းကပြောသည်။ လူကာရှန်ကိုသည် အီးယူအဖွဲ့က အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသော ဟားမတ်စ်အဖွဲ့မှ Ryanair ခရီးသည်တင် လေယာဉ်ပေါ်ဗုံးထောင်ခဲ့ကြောင်း လိမ်ညာခဲ့ပုံကို ရုရှားရုပ်သံချန်နယ်များက သတင်းဖြန့်ချိကြသည်။ ရုရှားနိုင်ငံခြားရေးဆာဗျီလာဗရော့ဝ်က "ရုရှားဟာဘီလာရုစ်ကို ဘယ်တော့မှ ဒုက္ခထဲထားခဲ့မှာမဟုတ်ဘူး။ ကျွန်ုပ်တို့ရဲ့အိမ်နီးချင်းနဲ့ မဟာဗျူဟာမြောက်မဟာမိတ်ကို ကယ်တင်ဖို့အမြဲတမ်းရောက်လာမှာဖြစ်တယ်။ ကျွန်ုပ်တို့မှာ ဘုံသမိုင်းကြောင်းနှင့် စိတ်ပိုင်းဆိုင်ရာတန်ဖိုးများရှိတယ်"ဟု ပြောကြားခဲ့သည်။

၂၀၂၀ခုနှစ် နွေရာသီက ဘီလာရုစ်တွင် ကန့်ကွက်ဆန္ဒပြမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ပြီး သမ္မတလူကာရှန်ကို အစိုးရပြုတ်ကျလုနီးပါးဖြစ်ခဲ့သည်။ ပူတင်က ဆိုဗီယက်ပြည်ထောင်စုဟောင်း နိုင်ငံတစ်နိုင်ငံတွင် နောက်ထပ်အရောင်တော်လှန်ရေးတစ်ရပ်အဖြစ် မခံဘဲကြားဝင်ခဲ့သည်။ အကယ်၍ လူကာရှန်ကို၏ အင်အားစုများ အခြေအနေမဟန်လျှင် ကျားကန်ပေးရန် စီးပွားရေးအကူအညီနှင့် လုံခြုံရေးကေဒါများပုံ ပို့ပေးရန်ကတိပြုခဲ့သည်။ အကယ်၍လိုအပ်လျှင် ဘီလာရုစ်ဝါဒဖြန့်ချိရေး ယန္တရား၏အစိတ်အပိုင်းများကို သိမ်းယူရန် ရုရှားအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့သည်။ ရည်ရွယ်ချက်မှာ မစ္စတာလူကာရှန်ကို အာဏာခိုင်မြဲရေးအတွက်သာမက ဘီလာရုစ်အပေါ် ၄င်း၏ထိန်းချုပ်မှု သေချာစေရန်ဖြစ်သည်။ ပူတင်က အနောက်အုပ်စုနှင့် သူ၏ထိပ်တိုက်တွေ့မှုတွင် ဘီလာရုစ်ကို မုချလိုအပ်သော စစ်မြေပြင်တစ်ခုအဖြစ် ရှုမြင်သည်။

နှစ်ပေါင်းများစွာကြာ မစ္စတာလူကာရှန်ကိုသည် ရုရှားနှင့်အနောက်အုပ်စုအကြား ကစားခဲ့သည်။ နှစ်ဘက်စလုံးမှ ပိုက်ဆံထွက်လာစေရန် အကျပ်ကိုင်မှုများလုပ်ခဲ့သည်။ လွန်ခဲ့သောနှစ်နှစ်က ရုရှားနှင့်ဘီလာရုစ်အကြား ပိုမိုနက်ရှိုင်းသော ပြည်ထောင်စုတစ်ခု ဖွဲ့စည်းရန် တွန်းအားပေးသည်။ အင်ပါယာသစ်၏ အကြီးအကဲမှာ ပူတင်ဖြစ်ပေမည်။ ယင်းအဆိုပြုချက်ကို လူကာရှန်ကိုက ငြင်းပယ်ခဲ့သည်။ လူကာရှန်ကိုသည် ၂၀၂၀ သမ္မတရွေးကောက်ပွဲတွင် မသမာမှုများပြုလုပ်ပြီး လူများစွာကို ဖမ်းဆီး၊ ရိုက်နှက်၊ ညှင်းပမ်းနှိပ်စက်ရန် အမိန့်ပေးသည်။ သူသည်ပြည်တွင်း၌ တရားဝင်မှု၏ နောက်ဆုံး အစက်အပြောက်လေးကို ဖျက်ဆီးပစ်ခဲ့သလို ယခင်က သူအပေါ် သည်းခံခဲ့ကြသော ပြည်ပအင်အားကြီးနိုင်ငံများနှင့် သူစိမ်းပြင်ပြင်ဖြစ်သွားခဲ့သည်။ ယခုအခါ သူမှာအလားအလာရှိသော မဟာမိတ်တစ်ဦးသာ ကျန်တော့သည်။ ၄င်းမှာ မော်စကိုမှ ဂျူဒိုစိတ်ဝင်စားသူတစ်ဦးဖြစ်သည်။

ရုရှားနှင့်တစ်ခါက အင်တင်တင်ဖြစ်ခဲ့သော ဘီလာရုစ်တို့သည် သွေးစည်းလာကြသည်။ ၂၀၂၁ ခုနှစ် ဧပြီ ၂၂ တွင် မစ္စတာပူတင်သည် မစ္စတာလူကာရှန်ကို နှင့်တွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံအကြားပြည်ထောင်စုဖွဲ့စည်းရန် အခြေအနေတိုးတက်မှုအပေါ် ပူတင်ကချီးကျူးခဲ့သည်။ အစောပိုင်းရက်များတွင် ရုရှားလုံခြုံရေးအဖွဲ့အစည်းဖြစ်သော အက်ဖ်အက်စ်ဘီ (FSB)က ၄င်းသည် မစ္စတာလူကာရှန်ကိုအား လုပ်ကြံသတ်ဖြတ်ရန် အနောက်အုပ်စု၏ ကြံစည်မှုတစ်ရပ်ကို ဖော်ထုတ်ရန် ဘီလာရုစ်ကေဂျီဘီ (KGB)အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ဘီလာရုစ်သည် ယင်းကြံစည်မှုသည် ချက်ချင်းဆိုသလို ဝါဒဖြန့်ချိရေး ရုပ်ရှင်ကားတစ်ခုအဖြစ် ပြောင်းလဲသွားသည်။ ဇာတ်ကား၏နာမည်မှာ "To Kill the President" ဖြစ်သည်။ လူကာရှန်ကို၏ ပို့လ်ချုပ်ကြီးများအနက် တစ်ဦးဖြစ်သူ နီကိုလိုင်ကာပင်ကော့မ်၏ စကားများအရ ပြောရလျှင် ငြိမ်းချမ်းသောအပြောင်းအလဲများအတွက် တိုက်ပွဲဝင်နေကြသော အတိုက်အခံများသည် လူသတ်၊ ပြန်ပေးဆွဲ၊ စစ်အာဏာသိမ်းရန် ပြင်ဆင်နေကြသော သွေးဆာနေသည့်ခွေးများဖြစ်ကြသည်ဟူ၍ဖြစ်သည်။ ဘီလာရုစ် လုံခြုံရေးအဖွဲ့အစည်းများက ၄င်းတို့သည် ဝါဒဖြန့်ချိဖို့ထက် အကြမ်းဖက်ဝါဒကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ မစ္စတာပရိုတာဆီဗစ်ချ်အား ဖမ်းဆီးရန် Ryanair လေယာဉ်ကို ပြန်ပေးဆွဲခြင်းသည် အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေး၏ အစိတ်အပိုင်းဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ Ryanair ခရီးသည် လေယာဉ်ပြေးဆွဲမှုက ရုရှားနှင့်ဘီလာရုစ်အကြား နက်ရှိုင်းလာနေသော ပူးပေါင်းဆောင်ရွက်မှုမှ ဆင်းသက်လာပုံရသည်။ ဘီလာရုစ်နိုင်ငံသည် ပြင်းထန်သော အရေးယူပိတ်ဆို့မှုများနှင့်ကြုံတွေ့ရပါက ရုရှားသည် ဘီလာရုစ်အား ဘဏ္ဍာရေးကူညီထောက်ပံ့မှုပေးရန် ရည်ရွယ်ထားပုံရသည်။

ယခုအခါ ရုရှားနှင့်ဘီလာရုစ်နှစ်နိုင်ငံလုံးသည် အနောက်အုပ်စု၏ အရေးယူပိတ်ဆို့ဒဏ်ခတ်မှုများနှင့် ဆိုးဆိုးရွားရွားကြုံတွေ့နေရသည်။ ကိုယ်တိုင်အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့နေရသည့် ရုရှားအနေဖြင့် ဘီလာရုစ်အား ဘဏ္ဍာရေးအရ ဆက်လက်ပြီးကူညီနိုင်ပါ့မလား။ သမ္မတလူကာရှန်ကိုအနေဖြင့် လည်း ဆိုးဆိုးရွားရွားအခြေအနေတစ်ရပ်မှ ရုန်းထွက်နိုင်ရေးအတွက် အနောက်အုပ်စု၏ ကူညီမှုအားမျှော်လင့်လျက် ရုရှားအားစုံကန်လေမလား သို့မဟုတ် အရေးယူပိတ်ဆို့မှုများကို ရင်ဆိုင်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ယခုထက်ပိုပြီး သွေးစည်းခိုင်မာလာမည်လားဆိုသည်များကို စောင့်ကြည့်ရမည်ဖြစ်ပေသည်။

Ref: The Economist,
May 29,2021
"Belarus and Russia,

twAe,jy tppDicyqq 0,m

လူမှုကွန်ရက် Facebook မှာ ငွေအတုရောင်းမယ်လို့ ကြေညာပြီး ငွေကြေးလိမ်လည်မှုတွေ ပြုလုပ်နေတဲ့သူ ၇ယောက်ကို ဖမ်းဆီးရမိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ထားသည်။ Facebook မှာငွေအတုရောင်းမယ်လို့ ကြေညာထားတဲ့ Page တွေဖြစ်တဲ့ Shine Money ငွေတုရောင်းဝယ်ရေး၊ ပိုင်ကြီးပိုင်ကြီး၊ ကွီးကောင်းမြတ်၊ ခြူးခြူး၊ အောင်ကောင်းမန်၊ ငွေတုရောင်းဝယ်ရေး၊ ထိုင်းဘာသာနဲ့ ကြော်ငြာထားတဲ့ Page တွေကို အထူးအမှုစစ်အဖွဲ့တွေဖွဲ့စည်းပြီး နည်းပညာအကူအညီနဲ့ စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တာဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စုံစမ်းဖော်ထုတ်ရာမှာတော့ အဲဒီ Page တွေကနေ အမှန်တကယ် ငွေစက္ကူအတုပြုလုပ်ရောင်းချတာမျိုးမရှိပေမဲ့ ငွေတုရောင်းမယ်လို့ကြော်ငြာပြီး ငွေတုဝယ်မယ့်သူတွေဆီက ကြိုတင်လွှဲပေးတဲ့ငွေတွေကို လိမ်လည်ရယူနေတာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အခုဖမ်းဆီးရမိတဲ့သူ ၇ယောက်စလုံးဟာ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကနောင်မြို့၊ ကွဲတဲကုန်းကျေးရွာအုပ်စု၊ ညောင်ဝင်းကျေးရွာမှာ နေထိုင်တဲ့သူတွေဖြစ်ပါတယ်။ ဖမ်းဆီးရမိသူတွေကို ကနောင်နယ်မြေရဲစခန်းမှာ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)နဲ့ အမှုဖွင့်အရေးယူထားပြီး ငွေစက္ကူအတု ပြုလုပ်ရောင်းဝယ်နေသူတွေကိုလည်း ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိသည်။

မင်းကြည်ညို

Eiiywaj; pwDaq; ri&oe



သီပေါမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မတ် ၃၁ရက်နေ့တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့က သတင်းရရှိသည်။ မတ်လ ၂၉ရက်နေ့ နံနက် ၁၁နာရီခွဲအချိန် ရှမ်းပြည် ဖနယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ လာရှိုး-ရန်ကုန်သွားကားလမ်း၊ မိုင်တိုင်အမှတ် (၁၄၉/၂)အနီးတွင် ရှိုန်းကိုကို အောင်(ခ)အောင်အောင် မောင်းနှင်ပြီး အိုက်ငင်းလိုက်ပါလာသည့် WISH မော်တော်ယာဉ်ကို မူးယစ်ပူးပေါင်းအဖွဲ့က သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှဒေသကာလတန်ဖိုးငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ မွန်းလွဲ ၂နာရီခွဲအချိန် သီပေါမြို့နယ်၊ တုံစင်ကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား တာဝန်ခံသယ်ဆောင်လာသူများဖြစ်ကြသည့် အုန်းမြင့် (၁)ဖိုးဆိတ်နှင့် ၄င်း၏ဇနီး မလှလှဝင်းတို့အား NISSAN AD Van မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း စစ်ဆေးသိရသည်။

၄င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိသည်။

မင်းကြည်ညို



ဖားကန့်-မိုင်းပူမှ ဒေသခြားမြေယာ လေလာပြီးနှစ်ပေါ်

၂၆.၃.၂၀၂၂ရက် နံနက် ၁၀ နာရီခွဲအချိန် မန္တလေးတိုင်းဒေသကြီး အမှတ် (၃)မှဆင်းတပ်ဖွဲ့ခွဲ (မန္တလေး)မှ တပ်ဖွဲ့ဝင်များသည် ငွေစက္ကူအတုများ စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိရေး စီမံချက်အရ လာရှိုးမြို့ အမှတ် (၁၇)မှဆင်းသတင်းတပ်ဖွဲ့ခွဲ (လာရှိုး) နှင့်အတူ ငွေတုဖြန့်ဝေသုံးစွဲ/ရောင်းချသူများအား လာရှိုးမြို့မရဲစခန်းမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းစုံစမ်းဆောင်ရွက်နေစဉ် လာရှိုး-လောက်ကိုင်ယာဉ်ငယ်ပြေးဆွဲနေသည့် ကားဆရာတစ်ဦးမှ ၄င်း၏ကားကို ၂၅.၃.၂၀၂၂ ရက်နေ့တွင် ဌားရမ်းစီးလာသူကိုရှင်းသန့်ဦးသည် နံနက် (၇)နာရီက လောက်ကိုင်-လာရှိုးခရီးစဉ်အား လိုက်ပါလာခဲ့ရာ ကားခအဖြစ် ပေးချေခဲ့သည့် ငွေစက္ကူ (၁၀၀၀၀)ကျပ်တန် (၄)ရွက်မှာ ငွေစက္ကူအတုဟု ယူဆရသောကြောင့် စစ်ဆေးကြည့်ရှုနိုင်ရန် တပ်ဖွဲ့အားသတင်းပေးပို့ပြသခဲ့သည်။

ကားဆရာပြသော တစ်သောင်းကျပ်တန် GD/ဆဃ-၂၀၄၄၂၂၂ အက္ခရာနံပါတ်ပါ (၁)ရွက်။ AC/ကဂ-၄၅၀၉၆၈၇ အက္ခရာနံပါတ်ပါ (နံပါတ်တူ) (၃)ရွက်၊ စုစုပေါင်း (၄)ရွက်အား အသိသက်သေများ ရှေ့မှောက်တွင် သိမ်းဆည်းပြီး လာရှိုးမြို့ပေါ်ရှိ ၄င်းခရီးသည် တည်းခိုနေထိုင်ရာ တည်းခိုခန်းတစ်ခုတွင် ရှင်းသန့်ဦး (၂၄)နှစ် (ရှမ်းတောရပ်၊ မိုးကုတ်မြို့) ယောဇင် (၂၄)နှစ် (ရပ်ကွက် (၅) နယ်မြေ (၁) အေးသာယာမြို့သစ်၊ တောင်ကြီးမြို့)နှင့် ထွယ်အောင် (၁၇)နှစ်၊ (နားဖကျေးရွာ၊ တာပုံအုပ်စု၊ လာရှိုးမြို့)နေသူတို့ကို တည်းခိုခန်းတွင် တွေ့ရှိစစ်ဆေးခဲ့သည်။

၄င်းတို့ (၃)ဦး ခေတ္တတည်းခိုနေထိုင်သည့်အခန်းတွင်း ကုတင်မွေ့ယာခင်းအောက်မှ GD/ဆဃ-၂၀၄၄၂၂၂ အက္ခရာနံပါတ်ပါ ငွေအတုဟုယူဆရသော (၁၀၀၀၀)ကျပ်တန် ငွေစက္ကူ(၁)ရွက်။ HE/ဇင-၈၇၆၄၁၅၃ အက္ခရာနံပါတ်ပါ ငွေအတုဟုယူဆရသော (၁၀၀၀၀)ကျပ်တန် ငွေစက္ကူ (၁)ရွက်။ AC/ကဂ-၄၅၀၉၉၆၇ အက္ခရာနံပါတ်ပါ ငွေအတုဟုယူဆရသော (၁၀၀၀၀)ကျပ်တန် (နံပါတ်တူ) ငွေစက္ကူ (၁၇)ရွက် စုစုပေါင်း (၁၉)ရွက်တို့ကိုလည်းကောင်း။ ယောဇင်ထံမှ မှတ်ပုံတင်ကဒ် (၁)ခု၊ (baellerry)စာတမ်းပါ အနက်ရောင်ခေါက်ပိုက်ဆံ အိတ် (၁)လုံး၊ ငွေစက္ကူရောရာ (၂၇၇၀၀)ကျပ်၊ ဆင်းကဒ် (၂)ခုပါ (Vivo) အမျိုးအစားအပြာရောင် လက်ကိုင်ဖုန်း (၁)လုံး၊ ရှင်းသန့်ဦးထံမှမှတ်ပုံတင်ကဒ် (၁)ခု၊ ထွယ်အောင်ထံမှ ဆင်းကဒ် (၂)ခုပါ (ဥစစသ) အမျိုးအစားအပြာနုရောင်စပ်ထားသည့် လက်ကိုင်ဖုန်း (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်၍ ငွေစက္ကူအတုများ ကိုင်ဆောင်အသုံးပြုသူ ဥဦးတို့ကို လားရှိုးမြို့မရဲစခန်းက (ပ)၃၆/၂၀၂၂ ၂၀၁၃ခုနှစ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

မင်းကြည်ညို

➔ စာမျက်နှာ (၁၁) စစ်ကိုင်းတိုင်းဒေသကြီး၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးက တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် အဌားအရောင်းပြည်သူ့အိမ်ရာများ ဆောင်းပါးမှ

လုံး အခန်းပေါင်း (၉၆)ခန်း၊ ကသာမြို့၌ (၁၂)ခန်း တွဲ (၄)ထပ် (၂)လုံး အခန်းပေါင်း (၉၆)ခန်း ကိုလည်း ကောင်း၊ (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်တွင် မုံရွာမြို့၌ (၈)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (၃၂)ခန်း၊ ရွှေဘိုမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (၄၈)ခန်း၊ စစ်ကိုင်းမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း(၄၈)ခန်း၊ ကလေးမြို့၌ (၈)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (၄၈)ခန်း၊ ကလေးမြို့၌ (၈)ခန်းတွဲ (၄)ထပ် (၂)လုံး အခန်း (၆၄)ခန်းကိုလည်းကောင်း၊ (၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်တွင် မုံရွာမြို့၌ (၈)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (၃၂)ခန်း၊ စစ်ကိုင်းမြို့၌ (၆)ခန်းတွဲ (၅)ထပ် (၁)လုံး အခန်းပေါင်း(၃၀)၊ ကသာမြို့၌ (၈)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်း(၃၂)ခန်း၊ ကလေးမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (၄၈)ခန်း၊ တမူးမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း(၄၈)ခန်းကိုလည်းကောင်း၊ (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်တွင် ရွှေဘိုမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (၄၈)ခန်း၊ တမူးမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း(၄၈)ခန်း၊ ကန့်ဘလူမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်း(၄၈)ခန်း၊ ကသာမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (၄၈)ခန်း၊ ကန့်ဘလူမြို့၌ (၁၂)ခန်းတွဲ (၄)ထပ် (၁)လုံး အခန်းပေါင်း (





weom&&Utvwpci aAm"ur;ewnaqmua&;(4) tvqi



မြန်မာပြည်တောင်ဘက်စွန်းစွန်း တနင်္သာရီတိုင်းဒေသကြီးသည် တောတောင်ရေမြေအလှတရားများသာမက မြစ်ချောင်းအသွယ်သွယ်ပေါများခြင်း၊ ပင်လယ်နှင့်ကျွန်းစုများ၏ အလှတရားများကြောင့် ထင်ရှားကျော်ကြားလှပါသည်။ ကမ်းရိုးတန်းပင်လယ်ပြင်ကျွန်းစုဒေသ၊ မြန်မာနိုင်ငံ၏ တောင်ပိုင်းစွန်းဒေသဖြစ်ပြီး အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့်နယ်နမိတ်ထိစပ်နေပြီး မြောက်ဘက်တွင် မွန်ပြည်နယ်နှင့်ထိစပ်လျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးသည် ငှက်သိုက်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ပုလဲမွေးမြူရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတို့ဖြင့် အဓိကရပ်တည်နေသော တိုင်းဒေသကြီးဖြစ်ပါသည်။ ထို့အပြင် တနင်္သာရီတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်မည့် ထားဝယ်စီးပွားရေး အထူးဇုန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံး အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် ပင်လယ်ရေကြောင်းလမ်း၊ ရထားလမ်း၊ ကားလမ်းတို့ဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံ၏အဓိကဝင်ငွေရရှိစေသော ဓာတ်ငွေ့များထွက်ရှိရာ တိုင်းဒေသကြီးတစ်ခုဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးတွင်အရေးကြီးသော ဦးစားပေးကဏ္ဍတွင် ပါဝင်လျက်ရှိပေသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားများ ပေါ်ထွန်းလာစေရန်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသတွင်းကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စေတနာထားကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ချမှတ်ထားပြီး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝိုလ်ချုပ်ကြီး မိုးမြင့်ထွန်းမှ ဗောဓိကမ်းတံတား ဖွင့်ပွဲမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုအတွင်းရှိသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များအားလုံး အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုပါကြောင်း၊ လမ်းပန်ဆက်သွယ်မှု ကောင်းလာစေရေးအတွက် တံတားတည်ဆောက်ခြင်းလမ်းများအား ရာသီမရွေး သွားလာနိုင်ရန်ဆောင်ရွက်ပေးခြင်း အဆင့်မြှင့်တင်ခြင်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲရာ၌ လေလွင့်မှုမရှိစေရေး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အရည်အသွေးကောင်းမွန်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းကြပါရန် ပြောကြားပါသည်။

၇၇နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ ဗောဓိကမ်းတံတားအား ၂၀၂၂ခုနှစ် မတ်လ ၂၄ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပုံခို ဦးမြတ်ကို၊ ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဇေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြေစာရင်းဦးစီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးဆည်မြောင်းဝန်ကြီးဌာနမှ တိုင်းအဆင့်ဌာနဆိုင်ရာများ တနင်္သာရီမြို့နယ် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား/သူများ၊ မိဘပြည်သူများ စုစုပေါင်းအင်အား ၄၅၀ခန့်တက်ရောက်ခဲ့ပါသည်။

ဗောဓိကမ်းတံတားဖွင့်ပွဲ အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးမှ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံရှိပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် လမ်းများ၊ တံတားများ၊ အဆောက်အဦးများနှင့် မြို့ပြဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဝေးလံခေါင်းပါးသည့် ဒေသများပါမကျန် အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရေး ကောင်းမွန်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့အချက်အချာကျတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးရော ကောင်းမွန်စေရန် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေ၊ B.O.T စနစ်ဖြင့် လမ်းများ ဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ယခုအထိလမ်းမိုင်ပေါင်း (၁၀၇၈) မိုင် (၃)ဖာလုံကို ဖောက်လုပ်ထားပြီး ပေ(၁၈၀)နှင့် အထက် တည်ဆောက်ဆဲ တံတားအစင်း အရေအတွက် လမ်းဦးစီးဌာနပိုင်လမ်းပေါ်တွင် တံတား (၂၅)စင်း၊ ကျေးလက်လမ်းပေါ်တွင် တံတား (၆)စင်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တည်ဆောက်ထားသော တံတား(၁)စင်း၊ စုစုပေါင်းတံတား (၃၂)စင်း တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း ယခုဘဏ္ဍာနှစ်မှာလည်း ကမြောကင်းတံတား (၁၀၅၀)ပေ၊ မင်းသန်းမောင်းလှော်တံတား (၂၁၀၀)ပေ၊ အရှေ့လယ်သစ်နောက်လယ်သစ်တံတား (၈၂၀)ပေ၊ အရှေ့မော်တုန်းနောက်မော်တုန်းတံတား (၄၅၀)ပေ၊ တကူတိုက်ကမ်းတံတား (၈၈၅)ပေ တံတားကြီးတို့ကိုလည်း တည်ဆောက်လျက်ရှိရာ တစ်နှစ်၊ နှစ်နှစ်အတွင်း တည်ဆောက်ပြီးစီးတော့မှာ ဖြစ်ပါကြောင်း ဗောဓိကတံတားသည် တနင်္သာရီ-တုံခါ-သဲဖြူ-မောတောင်ဆက်သွယ်မည့်လမ်းနှင့် သဲဖြူရွာတွင် တွေ့ဆုံမည့်လမ်းပေါ်တွင် တည်ရှိသည့်အတွက် မြန်မာ-ထိုင်းနယ်စပ်ဖြစ်သည့် မောတောင်မှ တနင်္သာရီသို့ အသွားသဲဖြူ-တုံခါ-တနင်္သာရီလမ်းသို့ သွားလာရန်မလိုအပ်ဘဲ သဲဖြူမှတစ်ဆင့် တနင်္သာရီသို့ တိုက်ရိုက်မောင်းနှင် သွားလာနိုင်မှာဖြစ်ပါကြောင်း၊ တနင်္သာရီနှင့် သဲဖြူရွာကြားတွင်ရှိသော ကျေးရွာပေါင်း(၉)ရွာ၊ ကျေးရွာအုပ်စု(၅)ခုနှင့် တနင်္သာရီမြစ် အရှေ့ဘက်ကမ်းရှိရွာများ၏ ဒေသထွက်ကုန် ကုန်စည်များအား လွယ်ကူလျင်မြန်စွာ သယ်ဆောင်နိုင်မည်ဖြစ်ပြီး ဤဒေသမှာ အလျင်အမြန် တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း ထို့အပြင် ဗောဓိကမ်းတံတားသည် မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကလမ်းကြောင်းပေါ်တွင် တည်ရှိပြီး ထိုင်းနယ်စပ်သို့ သွားရောက်နိုင်သည့် လမ်းကြောင်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများပါ တိုးတက်လာမှာဖြစ်ပါကြောင်း ယခင်က တနင်္သာရီဘက်ကမ်းမှ ဗောဓိကမ်းဘက်သို့ သွားရောက်ရန် ဝေါ်မြစ်ကို စက်ရေယာဉ်၊ လှေငယ်များ အသုံးပြု၍ ဖြတ်သန်းသွားလာခဲ့ရပြီး ယခုအခါ ဗောဓိကမ်းတံတားကို တည်ဆောက်ပြီးစီးပြီဖြစ်သည့်အတွက် အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ထို့အပြင် ဗောဓိကမ်းတံတား တည်ဆောက်ပြီးစီးမှုကြောင့် တနင်္သာရီမြို့ရေဒီယာကို ဗောဓိကမ်းဘက်သို့ ထပ်မံချဲ့ထွင်နိုင်မှာဖြစ်တဲ့အတွက် မြို့၏ရေဒီယာပိုမိုကျယ်ပြန့်လာမှာ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် သီရိပုံခို ဦးမြတ်ကိုမှ မိန့်ခွန်းပြောကြားပြီး တနင်္သာရီမြို့နယ် ဒေသခံပြည်သူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီ-သဲဖြူလမ်းပေါ်ရှိ ဗောဓိကမ်းတံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်ခဲ့ပါသည်။ ဗောဓိကမ်းတံတား တည်ဆောက်ရေးအချက်အလက်များမှာ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ် တနင်္သာရီ-မောတောင်လမ်းပေါ်တွင် ဝေါ်ချောင်းမြစ်ကိုဖြတ်၍ တံတားအရှည် ၇၈၇ပေ (၂၄၀)မီတာ တံတားခန်းဖွင့် ၃၀မီတာ x ၈ခန်းဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် 1.2mØ Bored Pile၊ ကိုယ်ထည် R.C Concrete၊ အပေါ်ထည် P.C Girder & R.C Slab၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ (၇.၃၆မီတာ)၊ လူသွားလမ်းအကျယ် ၃ပေ (၀.၉၁၄မီတာ)၊ ရေလမ်းကင်းလွတ်အကျယ် ၆၆ပေ (၂၀မီတာ)၊ ရေလမ်းကင်းလွတ်အမြင့် ၇ပေ (၂မီတာ) ဖြစ်ပြီး Design Loading အနေဖြင့် HL-93 ဖြစ်သည်။ စီမံကိန်းတန်ဖိုးမှာ တံတားတန်ဖိုးကျပ်သန်း (၃၄၀၀၀၀)၊ ချဉ်းကပ်လမ်းတန်ဖိုးကျပ်သန်း (၁၆၀၀၀၀)ဖြစ်သည်။ စီမံကိန်းစတင်သည့်နေ့မှာ ၁-၅-၂၀၁၈ ဖြစ်ပြီး စီမံကိန်းပြီးစီးသည့်နေ့မှာ ၃၀-၉-၂၀၂၁ ဖြစ်သည်။ **အောင်မြင့်(အလှဆင်သူ)**